ကြေးမုံ

The Mirror

၁၃၆၅ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့၊ (5-4-2004) (၄၁၉၇)

အပ္ပမာဒေါ စ ဓမ္မေသု
တေံ မင်္ဂလ မုတ္တမံ။

တရား၌ မမေ့မလျော့ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်သည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် သွားရောက်သည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

ရန်ကုန်   ဧပြီ   ၄

ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံတွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန်အတွက် ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဆိုင်မွန်တန်ဆင်ဒီခရုဇ်နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြား သံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ☆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်သည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ယနေ့ထုတ်စောင်ရေ

၁၉၇၀၁၅

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၅-၄-၂၀၀၄
(တနင်္လာနေ့)

မူးယစ်ဆေးဝါး အမြစ်ပြတ်ပပျောက်ရေး တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်

မူးယစ်ဆေးဝါးသည် လူမှုရေးပြဿနာများစွာကို ဖြစ်ပေါ်စေနိုင်သည်ဖြစ်ရာ ကမ္ဘာ့လူသားအားလုံးကို ခြိမ်းခြောက်အန္တရာယ်ပြုလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတိုင်း၊ ဒေသတိုင်းက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိကြသည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါး ပပျောက်စေရေးလုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် ကြိုးပမ်းလျက်ရှိသည်။ မူးယစ်ဆေးဝါးပပျောက်ရေး၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်ကူညီမှုဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်ဖြင့် နိုင်ငံတော်အတွင်း မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်းကို ၁၉၉၉ ခုနှစ်မှစတင်၍ကိုယ်ပိုင်စွမ်းအား အရင်းအမြစ်များဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။ မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းများကို စီမံချက်အတိုင်း အဆင့်အလိုက် ဆောင်ရွက်လျက်ရှိရာ အောင်မြင်တိုးတက်မှုများ ရရှိနေသည်။

အထူးသဖြင့် ကိုလိုနီနယ်ချဲ့တို့က ဆိုးမွေအဖြစ် မျိုးစေ့ချပေးခဲ့သည့် နယ်စပ်ဒေသများ၏ ဘိန်းစိုက်ပျိုးမှုအလေ့အထများ လုံးဝချုပ်ငြိမ်းသွားစေရန် ကြိုးပမ်းလျက်ရှိသည်။ နိုင်ငံတော်အစိုးရက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို အဘက်ဘက်က ဖြည့်ဆည်းတည်ဆောက်ပေးလျက်ရှိသည်။

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်ဒေသများ၌ လူမှုစီးပွားရေး အခြေခံအဆောက်အအုံများစွာကို ဦးစားပေးတည်ဆောက်ခဲ့သည်။ ဒေသတွင်းအလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းများ ပေါ်ပေါက်လာသဖြင့် ဒေသခံပြည်သူများအနေဖြင့် ဘိန်းစိုက်ပျိုးမှုအပေါ် မှီခိုအားထားမှု လျော့နည်းကျဆင်းလာကြောင်း သိရသည်။

မူးယစ်ဆေးဝါး ပပျောက်စေရေးအတွက် တားဆီးကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် မူးယစ်ဆေးဝါးများအား ရှာဖွေဖမ်းဆီး တရားစွဲဆို အပြစ်ဒဏ်ပေးသော နည်းလမ်းသာမက ဘိန်းစိုက်ပျိုးမှုလုံးဝပပျောက်စေမည့် ပန်းတိုင်သစ်စီမံကိန်းဖြင့်လည်း ထပ်မံအားဖြည့်အကောင်အထည်ဖော်လျက်ရှိသည်။

ပန်းတိုင်သစ်စီမံကိန်းအရ ဘိန်းစိုက်ပျိုးမှု ပပျောက်စေရန် ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးရေးပညာပေးဟောပြောခြင်း၊ ဒေသနှင့်ကိုက်ညီမည့် သီးနှံမျိုးစေ့များ ဖြန့်ဝေစိုက်ပျိုးစေခြင်း၊ မွေးမြူရေးလုပ်ငန်းအတွက် မျိုးတိရစ္ဆာန်များ ဖြန့်ဝေပေးခြင်း၊ ငွေကြေးနှင့်အခြေခံစားနပ်ရိက္ခာ ထောက်ပံ့ပေးခြင်းလုပ်ငန်းများဖြင့် ကူညီပံ့ပိုးပေးလျက်ရှိသည်။

နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် သုံးစွဲခဲ့သည့်ရန်ပုံငွေစုစုပေါင်း၏ ၇၉ ဒသမ ၅ ရာခိုင်နှုန်းကို ဘိန်းစိုက်ပျိုးမှုနှင့် ဆက်စပ်လျက်ရှိသည့် ဒေသများ၌ သုံးစွဲဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ ထို့ကြောင့်ပင် ဘိန်းစိုက်ပျိုးမှု၊ ထုတ်လုပ်မှုနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံ၏ အခြေခံစာရင်းကောက်ယူမှုများအရလည်းကောင်း၊ မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ပူးပေါင်းပြီး ဘိန်းအထွက်နှုန်း ကွင်းဆင်းတိုင်းတာမှုအပေါ် အခြေခံထုတ်ပြန်သည့် အမေရိကန်အစိုးရ၏ နှစ်စဉ်ထုတ်ပြန်ကြေညာချက်အရလည်းကောင်း ဘိန်းစိုက်ပျိုးမှုမှာ တစ်နှစ်ထက်တစ်နှစ် သိသိသာသာ လျော့နည်းကျဆင်းလျက်ရှိကြောင်း သိရသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၌ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်းနှင့် ပန်းတိုင်သစ်စီမံကိန်းတို့ဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိရာ အောင်မြင်ဖြစ်ထွန်းမှုများ ရလျက်ရှိသည့်နည်းတူ မူးယစ်ဆေးဝါးများ လုံးဝအမြစ်ပြတ်ပပျောက်ချုပ်ငြိမ်းစေရေးအတွက် တားဆီးကာကွယ်ရေး လုပ်ငန်းတိုင်းတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဆက်လက်၍ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဦးဝင်းအောင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဧပြီ ၄

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံဂျီဂျူမြို့၌ ၂၀၀၄ခုနှစ် မတ် ၂၇ရက်မှ မတ် ၃၁ ရက်အထိ ကျင်းပခဲ့သည့် ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ် အုပ်ချုပ်မှုကောင်စီ၏ အဋ္ဌမအကြိမ် အထူးအစည်းအဝေး/ ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်ရေးရာဝန်ကြီးအဆင့် ဖိုရမ်သို့ တက်ရောက်ခဲ့ပြီးနောက် ယမန်နေ့ ညနေ ဗနာရီ မိနစ် ၄၀တွင် ဗန်ကောက်မြို့မှတစ်ဆင့် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

ဝန်ကြီး ဦးဝင်းအောင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးခင်မောင်ဝင်းနှင့် ဦးကျော်သူ၊ သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယား သမ္မတနိုင်ငံသံအမတ်ကြီး Mr. Lee Kyung-Woo နှင့် သံရုံးမှ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဝန်ကြီးနှင့်အတူ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းလည်း ပြန်လည်လိုက်ပါလာသည်။ (သတင်းစဉ်)

ပြန်လည်ရောက်ရှိ

ကိုရီးယားသမ္မတနိုင်ငံတွင်ကျင်းပခဲ့သည့် ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် အုပ်ချုပ်မှုကောင်စီ၏ အဋ္ဌမအကြိမ် အထူးအစည်းအဝေး၊ ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်ရေးရာ ဝန်ကြီးအဆင့် ဖိုရမ်သို့ တက်ရောက်ခဲ့သောနိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင် ခေါင်းဆောင်သောအဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။

(သတင်းစဉ်)

ဇာတိမာန် သီချင်းသီဆိုပြိုင်ပွဲ မင်းတပ်၌ကျင်းပ

ရန်ကုန် ဧပြီ ၄

ချင်းပြည်နယ်တောင်ပိုင်း၊မင်းတပ်ခရိုင် မင်းတပ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ဇာတိမာန် သီချင်းသီဆိုပြိုင်ပွဲကို မတ် ၃၀ရက် မွန်းတည့်၁၂နာရီတွင် ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်ရက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ပြိုင်ပွဲတွင် အခြေခံပညာကျောင်းများက အဖွဲ့များဖွဲ့ပြီး ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသည့် အဖွဲ့များအား တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအားကစားကလောင်ရှင်များအဖွဲ့ချုပ် အမှုဆောင်အဖွဲ့၏ ၂/ ၂၀၀၄ အစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၄

မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ် အမှုဆောင်အဖွဲ့၏ (၂/၂၀၀၄)အစည်းအဝေးကို ဧပြီ ၂ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်းရှိ အဖွဲ့ချုပ်ရုံးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး၊ ဒုတိယဥက္ကဋ္ဌ ဦးညဏ်ထွန်း၊ အတွင်းရေးမှူး ဦးကျော်ဆန်းနှင့်အမှုဆောင်များ တက်ရောက်ကြသည်။

ဖတ်ကြားတင်ပြ

အစည်းအဝေးတွင် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးကျော်ဆန်းက ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြသည်။

ညှိနှိုင်းဆွေးနွေး

ထို့နောက် အစည်းအဝေး တက်ရောက်လာသူများက အဖွဲ့ချုပ်၏ ရှေ့လုပ်ငန်းစဉ်များအဖြစ် အဖွဲ့ချုပ်အစီအစဉ်ဖြင့်တစ်နှစ်တာအကောင်းဆုံး အားကစားသမားဆု ချီးမြှင့်ရေး၊ အားကစားဂျာနယ် ထုတ်ဝေရေး၊ အားကစားဟောပြောပွဲနှင့် သရုပ်ပြပွဲများ ကျင်းပရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ကြပြီး အဖွဲ့ချုပ်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

နိုင်ငံတကာသတင်းဂျာနယ် အမှတ် ၄၄၅ ဖြန့်ချိ

ရန်ကုန် ဧပြီ ၄

နိုင်ငံတကာ သတင်းဂျာနယ် အမှတ် ၄၄၅ ကို ယနေ့စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(ယာပုံ)**

"မီဒီယာခေတ် မကျန်ရစ်ဖို့" ဟူသော ဂျာနယ်ဦးတည်ချက်ဖြင့် နိုင်ငံတကာသတင်းများနှင့်သတင်းဆောင်းပါးများကို ဦးဦးဖျားဖျား ထူးထူးခြားခြား တင်ဆက်နေသည့် နိုင်ငံတကာ သတင်းဂျာနယ်၏ ယခုအပတ်ထုတ်တွင် အမျိုးသားလုံခြုံရေးအကြံပေး ကွန်ဒိုလီဇာရိုက်စ်၊ ဇမ်ဘီယာနိုင်ငံအကြောင်း သိကောင်းစရာ၊ ငှက်ဖျားရောဂါကို နှိမ်နင်းနိုင်မည့် နည်းလမ်းသစ်၊ ပါလက်စတိုင်းတို့၏ ဟားမားစ်အဖွဲ့၊ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့၊ မြေငလျင်ကိုခန့်မှန်းခြင်း၊ တောင်ကိုရီးယား၏ မြန်နှုန်းမြင့်ရထား၊ နိုင်ငံတကာဟာသ၊ အီရတ်နိုင်ငံအတွင်းသို့ ဒဗလျူအမ်ဒီ လက်နက်များ အမေရိကန်သွင်း၊ လိုင်စော်ကားခံရသည့် အမေရိကန်စစ်သမီးများ၊ ဖွံ့ဖြိုးတိုးတက်မှု အဆင့်သစ်ကို လျှောက်လှမ်းသည့် တရုတ်ပြည်၊ ပြည်တွင်းရေးစွက်ဖက်မှုကိုလက်မခံသည့် ဗင်နီဇွဲလားခေါင်းဆောင်၊ မလေးရှားနိုင်ငံရေး၊ ရေမျောကမ်းတင်ဝေလငါး၊နိုင်ငံများအပေါ် မဏ္ဍိုင်ပြု၍ ဆွေးနွေးရေး၊ဘာလီကျွန်းတိုက်ခိုက်မှု ဘင်လာဒင်ညွှန်ကြားခဲ့၊ သီရိလင်္ကာ နိုင်ငံရေးစသည့် အကြောင်းအရာများကို ဝေဝေဆာဆာ ဖော်ပြထားသည်။

(ကြေးမုံ)

ဒါတွေကို သိဖို့လိုတယ်

* မြောက်တိုင်းလည်း မမြောက်နဲ့
* ခြောက်တိုင်းလည်း မကြောက်နဲ့
* ချော့တိုင်းလည်း မပျော့နဲ့

နိုင်ငံတကာ သတင်းများ

ဖော်လူဂျာတွင် အမေရိကန် ကန်ထရိုက်တာများကို တိုက်ခိုက်မှု စနစ်တကျစီစဉ်ထားသည့် လုပ်ရပ်ဖြစ်

ဝါရှင်တန် ဧပြီ ၂

အမေရိကန် ကန်ထရိုက်တာ လေးဦးကို ဖော်လူဂျာမြို့တွင် တိုက်ခိုက်ခဲ့သော လုပ်ရပ်သည် ကြိုတင်၍ ကြံစည်လုပ်ကိုင်သည့် လုပ်ရပ်ဖြစ်သည်ဟု ယူဆရကြောင်း အမေရိကန် အရာရှိများက ဆိုသည်။ ထိုတိုက်ခိုက်မှုနှင့် သက်ဆိုင်သော တရားခံများကို လွန်ခဲ့သော ကြာသပတေးနေ့အထိ မည်သူမည်ဝါမှန်း မသိရသေးပေ။

ဧပြီ ၂ ရက်က အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် ကင်းလှည့်နေသည့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အဆိုပါကိစ္စနှင့် ပတ်သက်၍ အမေရိကန်နိုင်ငံ အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးဌာန အကြီးအကဲ ကိုဖာဘလက်က ကွန်ဂရက်လွှတ်တော် ကော်မတီရှေ့မှောက်တွင် အစီရင်ခံတင်ပြခဲ့သည်။ ထိုလုပ်ရပ်ကို ကျူးလွန်ခဲ့သူ အမျိုးသားသုံးဦးမှာ မည်သူဖြစ်သည်ကို မသိရသေးကြောင်း၊ ထိုလူများသည် လေ့ကျင့်ထားပြီးသူများဖြစ်သည့်အပြင် လုပ်ရပ်နှင့် ဆက်စပ်သည့် အကျိုးစီးပွားများလည်း ရှိပုံရကြောင်း ဘလက်က အစီရင်ခံသည်။

ယခုဖြစ်ရပ်သည် ရာထူးမှ ဖယ်ရှားခြင်းခံလိုက်ရသော ဆက်ဒမ်၏ သစ္စာခံများနှင့် အယ်လ်ခိုင်ဒါအဖွဲ့နှင့် အဆက်အစပ်ရှိသော အဘူမူဆာဗ် အယ်ဇာကာဝီ၏ နောက်လိုက်များ၏ လက်ချက်ဖြစ်ကြောင်း ယူဆထားကြသည်ဟု အရာရှိတစ်ဦးက ဆိုသည်။

– ကလာပ်စည်းများရှိနေ –

အခင်းဖြစ်ပွားရာဒေသတွင် အယ်ဇာကာဝီ၏ ကလာပ်စည်းများ ရှိနေကြောင်း သိရသည်ဟု အမည်မဖော်လိုသူ အမေရိကန် အရာရှိတစ်ဦးက ရိုက်တာသတင်းဌာနကို ပြောပြသည်။

ဖော်လူဂျာမြို့သည် ဘဂ္ဂဒက်မြို့၏ အနောက်ဘက် မိုင် ၃၀ အကွာတွင် တည်ရှိသည်။ ထိုမြို့သည် အီရတ်အား အမေရိကန်ကျူးကျော်မှုကို ဆန့်ကျင်တိုက်ခိုက်ရာ၌ အင်အားကောင်းသော မြို့တစ်မြို့ဖြစ်သည်။

အမေရိကန်ကန် ထရိုက်တာလေးဦးမှာ ပစ်သတ်ခံရပြီးနောက် မီးရှို့ခြင်းခံခဲ့ရသည်။ ထိုလုပ်ရပ်၏ လက်သည်ပြောက်ကျားများကို ရှာဖွေဖော်ထုတ်ကာ လက်တုံ့ပြန်သွားမည်ဖြစ်ကြောင်း အမေရိကန်အာဏာပိုင်များက ကတိပြုထားကြသည်။

– ကြိုတင်စီစဉ်မှု –

ကန်ထရိုက်တာအဖွဲ့ကို တိုက်ခိုက်ပုံ တိုက်ခိုက်နည်းကို ကြည့်ရသည်မှာ ကြိုတင်စီစဉ်မှုရှိနေပြီး ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်ခဲ့ကြပုံရသည်ကို ဖော်ပြနေသည်ဟု အမည်မဖော်လိုသူ အခြား အမေရိကန်အရာရှိတစ်ဦးက ပြောကြားသည်။

ယခုလုပ်ရပ်သည် ကြိုတင်လေ့လာထောက်လှမ်းပြီးမှ လုပ်ဆောင်သော ကိစ္စမျိုးဖြစ်သည်။ အခွင့်အခါ ကြုံကြိုက်၍ ဖြစ်ပွားသွားခဲ့ရသော ကိစ္စမျိုး မဟုတ်ကြောင်း အမေရိကန် အရာရှိက ဆိုသည်။

– အသိပေးခဲ့ –

အဆိုပါတိုက်ခိုက်မှုသည် လူပုဂ္ဂိုလ်တစ်စုံတစ်ဦးကို သတ်သတ်မှတ်မှတ် ရည်ရွယ်၍ ကျူးလွန်သော တိုက်ခိုက်မှုမျိုး မဟုတ်သော်လည်း ကန်ထရိုက်တာများ လိုက်ပါလာသော ယာဉ်ကို မူလနေရာမှ စောင့်ကြည့်နေကြပြီး ထွက်လာပြီဖြစ်ကြောင်း တိုက်ခိုက်ရန် စောင့်နေသူများကို ကြိုတင်အသိပေးခဲ့ဟန်ရှိသည်ဟု ဆိုသည်။

ဖော်လူဂျာမြို့ တိုက်ခိုက်မှုကိစ္စနှင့် ပတ်သက်၍ အဆိုပါမြို့၌ လက်ကမ်းစာစောင် ဖြန့်ဝေခဲ့သည်။ လက်ကမ်းစာစောင်တွင် ရှိတ်အာမက်ရာဆင်၏ အုပ်စုအမည်ကို ဖော်ပြထားသည်။ ယခင်အခါက ထိုအမည်ကို သိရှိခဲ့ဖူးခြင်း မရှိကြောင်း အမေရိကန်အရာရှိများက ပြောကြားကြသည်။

အမေရိကန်များသည် အထက်ပါကိစ္စနှင့် သက်ဆိုင်သော ကနဦးသတင်းများရရှိရန် မဟာမိတ် အီရတ်များကိုသာအားကိုးကြရဖွယ်ရာရှိသည်။ အဘယ်ကြောင့်ဆိုသော် အခင်းဖြစ်ပွားရာဒေသရှိ အသိုင်းအဝိုင်းများထံမှ အမေရိကန်တို့ သတင်းတစ်စုံတစ်ရာ ပေးစရာအကြောင်း မရှိသော ကြောင့်ဖြစ်သည်ဟု ကျွမ်းကျင်သူများက သုံးသပ်ကြသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်တွင် ခုခံတိုက်ခိုက်မှုများ ပိုမိုဖြစ်ပွားလာနိုင်

ဘဂ္ဂဒက် ဧပြီ ၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် သောကြာနေ့က ကျယ်လောင်သည့် ပေါက်ကွဲသံကြီး ကြားခဲ့ရပြီး မြို့လယ်၌ အဆောက်အအုံများ၏ မှန်ပြတင်းများ ကွဲအက်သွားကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ပေါက်ကွဲရခြင်း၏ အကြောင်းရင်းကို ချက်ချင်း ပြတ်သားစွာ မသိရသေးပေ။ ဧပြီ ၉ ရက်တွင် အီရတ်ခေါင်းဆောင်ဟောင်း ဆက်ဒမ်ဟူစိန် ဖယ်ရှားခံရသည့် နှစ်ပတ်လည်နေ့ ကျရောက်ရန် နီးကပ်နေသည့်အတွက် တိုက်ခိုက်မှုများ ပိုမိုဖြစ်ပွားနိုင်ရာ ဘဂ္ဂဒက်မြို့ကို တပ်လှန့်ထားသည်။

ဘဂ္ဂဒက်မြို့လယ်တွင်အကာအကွယ် ထူထပ်စွာချထားသည့် အစိမ်းရောင်နယ်မြေတွင်းရှိ အမေရိကန်စစ်ဘက်နှင့် အရပ်ဘက်ဌာနချုပ်ကို ဦးတည်ကာ အီရတ်ခုခံရေးသမားများသည် ဘဂ္ဂဒက်မြို့အား ဒုံးကျည်များ၊ စိန်ပြောင်းများဖြင့် ပုံမှန်တိုက်ခိုက်လျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

နယူးဇီလန် တပ်ဖွဲ့ဝင်များ ဌာနေသို့ပြန်မည်

ဝယ်လင်တန် ဧပြီ ၃

အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးတွင် အကူအညီပေးနေသည့် နယူးဇီလန် တပ်ဖွဲ့ဝင်များသည် စက်တင်ဘာလတွင် ဌာနေသို့ ပြန်ကြမည်ဖြစ်ကြောင်း၊ သို့ရာတွင် အီရတ်နိုင်ငံ၌ အချုပ်အခြာအာဏာပိုင်မှု ပြန်လည်ရရှိရေးအတွက် ကူညီရန် အခြားနည်းလမ်းများကို ရှာကြံဖွယ်ရှိကြောင်း နယူးဇီလန် ဝန်ကြီးချုပ် ဟယ်လင်ကလပ်က သောကြာနေ့တွင် ပြောကြားသည်။

တွေ့ဆုံဆွေးနွေး

အောက်ကလန်မြို့တွင် သြစတြေးလျနိုင်ငံ အတိုက်အခံခေါင်းဆောင် မက်လာသပ်နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ကလပ်က ယင်းကဲ့သို့ ပြောကြားခြင်းဖြစ်သည်ဟု နယူးဇီလန် ပီအေ သတင်းဌာနက သောကြာနေ့တွင် ဖော်ပြသည်။

အကူအညီများပေး

နယူးဇီလန်သည် အီရတ်ပြန်လည်တည်ဆောက်ရေးတွင် ကြည်းတပ်အင်ဂျင်နီယာ ၆၀ ခန့်ကို စေလွှတ်ထားပြီး အီရတ်သို့ လူသားချင်း စာနာထောက်ထားရေး အကူအညီများကို ပေးလျက်ရှိသည်။

သဘောထားကွဲလွဲ

သြစတြေးလျ လေဘာအစိုးရသည် ခရစ္စမတ်ကာလအရောက်တွင် သြစတြေးလျ တပ်ဖွဲ့ဝင်များကို အီရတ်မှ ပြန်လည်ခေါ်ယူမည်ဆိုသော လာသပ်၏ ကတိကဝတ်ပြုမှုများအပေါ် လာသပ်နှင့် သြစတြေးလျဝန်ကြီးချုပ် ဂျွန်ဟောင်းဝပ်တို့ လွန်ခဲ့သည့် သီတင်းပတ်က သဘောထားကွဲလွဲခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ မြောက်ပိုင်းတွင် အသေခံဗုံးခွဲ၍ အီရတ်နှစ်ဦး သေဆုံး

ဘဂ္ဂဒက် ဧပြီ ၃

အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့တွင် ပြီးခဲ့သော သောကြာနေ့က အသေခံဗုံးခွဲမှုတစ်ခု ဖြစ်ပွားခဲ့သည့်အတွက် အီရတ်လူမျိုးနှစ်ဦး သေဆုံးသွားရကြောင်း ကာတာအခြေစိုက် အလ်ဂျာဇီးယား ရုပ်မြင်သံကြား သတင်းဌာနက ထုတ်လွှင့်သည်။

အသေခံဗုံးခွဲသူတစ်ဦးသည် ၎င်း၏ ကိုယ်ပေါ်တွင် ဗုံးများချည်နှောင်ကာ မြို့တော်ခန်းမအတွင်း ဝင်ရောက်လာသည်။ အစောင့်များက ထိုသူကို တားဆီးကြသောကြောင့် ဆက်လက် မဝင်ရောက်နိုင်ဘဲ ဗုံးကို ခွဲပစ်လိုက်သည့်အတွက် အစောင့်နှစ်ဦး သေဆုံးရသည်ဟု ဒေသခံ ရဲတပ်ဖွဲ့သတင်းများက ဆိုသည်။

တပ်ဖွဲ့ဝင်အချို့ရှိနေ

အခင်းဖြစ်ပွားစဉ်က အဆောက်အအုံ အတွင်းတွင် အမေရိကန်တပ်ဖွဲ့ဝင်အချို့ ရှိနေကြကြောင်း သိရသည်။

ပျံ့နှံ့ပေါ်ပေါက်

အီရတ်နိုင်ငံ အနှံ့တွင် အသေခံဗုံးခွဲသည့် လုပ်ရပ်များ ကူးစက်ရောဂါသဖွယ် ပျံ့နှံ့ပေါ်ပေါက်လျက်ရှိသည်။

ဦးတည်တိုက်ခိုက်

အမေရိကန် စစ်စခန်းများ၊ အီရတ် ရဲစခန်းများနှင့် အမေရိကန် လိုလားသော အဖွဲ့အစည်းများ ဦးတည်တိုက်ခိုက်ခြင်း ခံနေရသည်။

စွပ်စွဲထား

အမေရိကန်တို့က ထိုအသေခံ တိုက်ခိုက်မှုများသည် အီရတ်သို့ ပြည်ပမှ ဝင်ရောက်လာကြသော နိုင်ငံခြားသား တိုက်ခိုက်ရေးသမားများနှင့် ဆက်ဒမ်အပေါ် သစ္စာခံသူများ၏ လက်ချက်ဖြစ်ကြောင်း စွပ်စွဲထားကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဧပြီ ၂ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေကြသည့် အီရတ်များကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံအရေးနှင့် ပတ်သက်၍ အမေရိကန်၏ တောင်းဆိုမှု နေတိုးအဖွဲ့ဝင်နိုင်ငံများအချင်းချင်း သဘောထားကွဲလွဲ

ဘရပ်ဆယ် ဧပြီ ၃

လွန်ခဲ့သော သောကြာနေ့က အမေရိကန်ပြည်ထောင်စုသည် နေတိုးမဟာမိတ်များကို အရှေ့အလယ်ပိုင်းဒေသ၏ အရှေ့ပိုင်းရှိ နိုင်ငံကို တည်ငြိမ်အောင် ဆောင်ရွက်ရာတွင် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာစေရန် တိုက်တွန်းခဲ့သည်။ ထိုတိုက်တွန်းမှုကြောင့် အမေရိကန်နှင့် မဟာမိတ်များအကြား သဘောထားကွဲပြားမှုသည် အသစ်တစ်ဖန် ပြန်၍ပေါ်ပေါက်လာသည်။ အီရတ်စစ်ပွဲကို ဆန့်ကျင်သော နိုင်ငံများဖြစ်သည့် ပြင်သစ်နှင့် ဂျာမနီတို့ကမူ အမေရိကန်၏ တောင်းဆိုချက်ကို ငြင်းပယ်ခဲ့ကြသည်။

တိုးချဲ့

အီရတ်များလက်သို့ အာဏာလွှဲပြောင်းပြီးချိန်တွင် အမေရိကန်ပြည်ထောင်စုက ၎င်း၏ မဟာမိတ်များသည် အီရတ်အရေးတွင် ပါဝင်ဆောင်ရွက်ကြရန် စဉ်းစားလာကြလိမ့်မည်ဟု ယုံကြည်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကော်လင်းပါဝဲလ်က နေတိုးအဖွဲ့အစည်းအဝေးတွင် ပြောကြားခဲ့သည်။ နေတိုးမဟာမိတ် အဖွဲ့ဝင်နိုင်ငံများသည် ယခုအခါ အဖွဲ့ဝင်နိုင်ငံဦးရေကို ၂၆ နိုင်ငံအထိ တိုးချဲ့သွားရန် လုပ်ဆောင်လျက်ရှိကြသည်။

ပါဝင်ခဲ့ပြီး

သို့ရာတွင် နေတိုးအဖွဲ့ဝင်များအနေဖြင့် အာဖဂန်နစ္စတန်နိုင်ငံ လုံခြုံရေး၊ ဘော်လကန်ဒေသ နိုင်ငံများ၏ ငြိမ်းချမ်းမှုထိန်းသိမ်းရေး လုပ်ငန်းများတွင် လုံလုံလောက်လောက် ပါဝင်ခဲ့ကြပြီးပြီဖြစ်ကြောင်း ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဂျော့စကာဖစ်ရှာက ဆိုသည်။

မသင့်တော်

ဇူလိုင် ၁ ရက်နောက်ပိုင်း အီရတ်နိုင်ငံတွင် တရားဝင်အစိုးရ ပေါ်ပေါက်လာမည်ဖြစ်သည်။ ထိုနေ့နောက်ပိုင်းတွင် နေတိုးအဖွဲ့အနေဖြင့် အီရတ်အရေး၌ ပါဝင်ပတ်သက်ရန် မသင့်တော်တော့ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးသစ်ဖြစ်သူ မိုက်ကယ်ဘာနီယာက ပြောကြားခဲ့သည်။

စဉ်းစားမည်

နေတိုးအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများသည် အီရတ်အရေးကို အချိန်ကာလ အနည်းငယ်မျှသာ ဆွေးနွေးခဲ့ကြသည်။ နေတိုးအဖွဲ့ဝင်များ အီရတ်ဆိုင်ရာ ကိစ္စတွင် ပါဝင်ရန်၊ မပါဝင်ရန်ဟူသော အဆုံးအဖြတ်ကို ကုလသမဂ္ဂအဖွဲ့က အဆုံးအဖြတ်ချပြီးချိန်နောက်ပိုင်း အီရတ်အာဏာပိုင် အစိုးရကလည်း မေတ္တာရပ်ခံလာမှသာ စဉ်းစားသွားကြမည် ဖြစ်ကြောင်း ဂျာအဗ်ဒီဟုပ်ရှဖာက အခြေအနေကို ရှင်းလင်းသွားသည်။ ၎င်းသည် နေတိုးအဖွဲ့၏ အတွင်းရေးမှူးချုပ်ဖြစ်သည်။

ဆန္ဒရှိ

နေတိုးတပ်ဖွဲ့များအနေဖြင့် အီရတ်တွင် မည်သည့်အခန်းကဏ္ဍက ပါဝင်စေလိုကြောင်း မေးမြန်းခဲ့သည်ကို အမေရိကန် နိုင်ငံခြားရေးဝန်ကြီးက လောလောဆယ်အခြေအနေ၌ အီရတ်ရှိ ဒေသတစ်ခုတွင် နေတိုးကို တာဝန်ယူစေလိုပြီး အီရတ်တပ်ဖွဲ့များ၏ စွမ်းရည်မြှင့်တင်ပေးရာ၌လည်း ပါဝင်ကူညီပေးစေလိုသော ဆန္ဒရှိကြောင်း ဖြေကြားသွားသည်။

နေတိုးအဖွဲ့ဝင် နိုင်ငံများသည် အဖွဲ့၏ အစည်းအဝေး မစမီအချိန်တွင် အမြင်မတူ ကွဲပြားမှုများရှိခဲ့ကြသော်လည်း ဆွေးနွေးပွဲပြီးသွားသည့်အချိန်တွင် သဘောတူညီမှုတစ်စုံတစ်ရာကို ရရှိကြစမြဲဖြစ်သည်ဟု ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဂျက်စထရောက လေပြေထိုးသွားသည်။

ဂျာမနီသည် နေတိုးအနေဖြင့် အီရတ်တွင် ပါဝင်ရေးကိစ္စကို ဆုံးဖြတ်လျှင် ကန့်ကွက်မည်မဟုတ်သော်လည်း ကိုယ်တိုင်ကမူ အီရတ်အရေးတွင် ပါဝင်ဆောင်ရွက်မည်မဟုတ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

လုံခြုံရေးစောင့်ကြပ်

ဧပြီ ၂ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ ဩစတြေးလျသံရုံးကို လုံခြုံရေးစောင့်ကြပ်နေသည့် ဩစတြေးလျ တပ်ဖွဲ့ဝင်များအား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်ကြည်းတပ်ဖွဲ့ဝင်တစ်ဦးနှင့် မရိန်းတပ်သားတစ်ဦး အီရတ်နိုင်ငံတွင် ထပ်မံသေဆုံး

ဘဂ္ဂဒက် ဧပြီ ၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် မန်ဆူးဒေသတွင် သောကြာနေ့ စောစောပိုင်းက ဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်ကြည်းတပ် အမှတ်(၁) သံချပ်ကာတပ်မမှ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။

ဘဂ္ဂဒက်မြို့တော်အနောက်ဘက် ဖော်လူဂျာမြို့အနီးတွင် ကြာသပတေးနေ့က အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည်။ ပြီးခဲ့သည့်နှစ် မေ ၁ ရက်က အီရတ်တွင် တိုက်ပွဲကြီးများ ပြီးဆုံးသွားပြီဖြစ်ကြောင်း သမ္မတဘုရှ်ကြေညာပြီးနောက် အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင်အနည်းဆုံး ၂၈၃ ဦး သေဆုံးခဲ့သည်။

—— ပစ်သတ် ——

ထိုအတောအတွင်း ဘာကူဘာမြို့တွင်းတွင် အီရတ်ရဲအရာရှိသုံးဦးကို သေနတ်သမားများက ကြာသပတေးနေ့က ပစ်သတ်လိုက်သည်ဟု သိရသည်။

ဘာကူဘာနှင့် ဖော်လူဂျာမြို့တို့မှာ အီရတ်၌ အမေရိကန် ဦးဆောင်သောတပ်များအား တိုက်ခိုက်ချေမှုန်းသည့် ခုခံရေးပြောက်ကျားများ၏ ခြေကုပ်စခန်းဖြစ်သော ဆွန်နီတြိဂံဒေသအတွင်း၌ တည်ရှိကြသည်။ ***အင်တာနက်။***

အီရတ်၌ မရိန်းတပ်သား သေဆုံးမှုသတင်း အကန့်အသတ်ဖြင့်သာ ထုတ်ပြန်

ဝါရှင်တန် ဧပြီ ၂

တပ်ဖွဲ့ဝင်များ၏ လုံခြုံရေးကို ကာကွယ်ရန် လိုအပ်သည့်အတွက် မရိန်းတပ်ဖွဲ့ဝင်များကို သေဆုံးစေသည့် ပြောက်ကျားတို့၏ တိုက်ခိုက်မှုသတင်းကိုမထုတ်ပြန်ရန် ဖော်လူဂျာနှင့် ဆွန်နီတြိဂံတစ်နေရာတွင် စစ်ဆင်ရေးလှုပ်ရှားသည့် မရိန်းတပ်ဖွဲ့ဝင်များက တားမြစ် လျက်ရှိသည်။

အကျဉ်းချုပ်

အီရတ်နိုင်ငံ အင်ဘာပြည်နယ်အတွင်း ရန်သူ၏ လှုပ်ရှားမှုကြောင့် မရိန်းတပ်သားတစ်ဦး တစ်နေ့က သေဆုံးကြောင်း ဖော်လူဂျာမြို့ပြင်တွင် အခြေစိုက်သည့် မရိန်းတပ်ဖွဲ့က အကျဉ်းချုပ်မျှသာ ကြေညာခဲ့သည်။

အီရတ်ရှိ အခြားသော အမေရိကန်တပ်များ၏ လုပ်ထုံးလုပ်နည်းနှင့် မတူဘဲ မရိန်းတပ်ဖွဲ့က သတင်းအသေးစိတ်ကို ဖော်ပြခြင်းမပြုပေ။

မရိန်းတပ်ဖွဲ့ဝင်များသည် အီရတ်တွင် အန္တရာယ်အများဆုံးနေရာများ၌ လှုပ်ရှားနေကြရသည်။ ထို့ပြင် မတ်လအတွင်းက ကြည်းတပ် အမှတ်(၈၂) လေကြောင်းချီတပ်မ၏ နေရာတွင် အစားထိုးတာဝန်ယူရန် အီရတ်သို့ ရောက်ရှိလာကတည်းက မရိန်းတပ်ဖွဲ့ဝင် အနည်းဆုံး ၁၂ဦး သေဆုံးခဲ့သည်။

အင်တာနက်။

အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားနိုင်ကြောင်း

အမေရိကန်၌ သတိပေး

ဝါရှင်တန် ဧပြီ ၃

လာမည့်လများအတွင်း အမေရိကန်နိုင်ငံမြို့ကြီးများရှိရထားများ၊ မော်တော်ယာဉ်များကိုသုံး၍ အကြမ်းဖက် ဗုံးဖောက်ခွဲ တိုက်ခိုက်မှုများ ဖြစ်ပွားနိုင်ကြောင်းဖြင့် အမေရိကန် အာဏာပိုင်များက သတိပေးပြောကြားလိုက်သည်။

အမေရိကန် ထောက်လှမ်းရေး အက်ဖ်ဘီအိုင်နှင့် ပြည်ထဲရေးဆိုင်ရာ လုံခြုံရေးဌာနတို့က တိကျခိုင်လုံမှုမရှိသည့် ထောက်လှမ်းရေးသတင်းများအပေါ် အခြေတည်ပြီး ကြေညာချက်တစ်ရပ်ကို ပြီးခဲ့သည့် ကြာသပတေးနေ့က ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတွင်း အကြမ်းဖက်မှု အန္တရာယ်သတိပေးအဆင့်ကို မြှင့်တင်ထားခြင်းမရှိသော်လည်း ဒေသတွင်း ကူးသန်းသွားလာရေးဆိုင်ရာ တာဝန်ရှိသူများအား ခရီးသွားများကို ရှောင်တခင် ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ရန် ညွှန်ကြားထားသည်။ ***စီအင်န်အင်န်။***

ဧပြီ ၂ ရက်က ဘဂ္ဂဒက်မြို့တွင် အမေရိကန် ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့၏ ယာယီအုပ်ချုပ်ရေးအဖွဲ့ ဌာနချုပ်ကိုဖြတ်၍ ဆန္ဒပြချီတက်လာသည့် အီရတ်များအား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်ရဲသုံးဦးနှင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သီးခြားတိုက်ခိုက်ခံရမှုများတွင် သေဆုံး

ဘဂ္ဂဒက် ဧပြီ ၂

ရဲတပ်ဖွဲ့ဝင်သုံးဦးအပါအဝင် အီရတ်ခြောက်ဦးနှင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးတို့မှာ အီရတ်နိုင်ငံအတွင်း တိုက်ခိုက်မှုများတွင် သေဆုံးကြောင်းသိရသည်။

ဘဂ္ဂဒက်မြောက်ဘက် ဘာကူဘာဆင်ခြေဖုံးတွင် ကြာသပတေးနေ့ညက ကင်းလှည့်ထွက်လာသော ရဲတပ်ဖွဲ့ယာဉ်တန်း အတိုက်ခံရပြီးနောက် ရဲတပ်ဖွဲ့ဝင်သုံးဦးသေဆုံးသွားသည်။

သေဆုံးကုန်

ကယ်ကွတ်မြို့အနီး အယ်ရီယာဒ်မြို့ရှိ အစိုးရအဆောက်အအုံအတွင်း ဝင်ရန် လက်နက်ကိုင်များက ကြိုးပမ်းစဉ်သောကြာနေ့က အခြားသော အီရတ်များသေဆုံးကုန်သည်ဟု ကယ်ကွတ်မြို့ ရဲအကြီးအကဲက ပြောဆိုသည်။

အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးမှာ သီးခြားတိုက်ခိုက်ခံရမှုများတွင် သေဆုံးကြရသည်။ ထို့ပြင် သောကြာနေ့ကပင် ဖော်လူဂျာမြို့မြောက်ဘက် အဝေးပြေးလမ်းမကြီးတွင် အမေရိကန်စစ်ဘက်ကားတန်းကိုဗုံးခွဲတိုက်ခိုက်ခံရသည်ဟု သိရသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံတစ်ဝန်းတွင် အမေရိကန်ဆန့်ကျင်ရေးသဘောထားများ ပိုမိုပြင်းထန်

ဘဂ္ဂဒက် မေ ၃

အီရတ်နိုင်ငံတွင် ယခုသီတင်းပတ်အတွင်း သေဆုံးသွားသော အမေရိကန် ကန်ထရိုက်တာလေးဦးတို့ကို တိုက်ခိုက်သတ်ဖြတ်ခဲ့သူများသည် ပြောက်ကျားများမဟုတ်သလို နိုင်ငံခြားမှ အီရတ်သို့ ဝင်ရောက်လာသော တိုက်ခိုက်ရေးသမားများလည်း မဟုတ်ကြပါဟုဆိုသည်။ တိုက်ခိုက်ခံရ၍ သေဆုံးသွားသောအလောင်းများနှင့် အပျက်အစီးများအပေါ် အောင်ပွဲခံနေကြသော လူစုလူဝေးများထဲတွင် ကလေးများပင် ပါဝင်ကြသည်။ ထိုသူများသည် မီးကျွမ်းနေသော အလောင်းများကို ပြိုင်ပွဲတွင်ရသည့်ဆုများသဖွယ် လမ်းများပေါ်တွင် ဆွဲယူသွားခဲ့ကြသည်။

ထိုအချက်က ကျူးကျော်သိမ်းပိုက်သူများအပေါ် မုန်းတီးမှုများ လွှမ်းမိုးနေကြောင်းကို ဖော်ပြလျက်ရှိသည်။ ထိုအဖြစ်အပျက်တွင် ပါဝင်ခဲ့သော အီရတ်များသည် လူနည်းစုမျှသာဖြစ်သော်လည်း အီရတ်နိုင်ငံတစ်ဝန်းလုံး၌ အမေရိကန် ဆန့်ကျင်ရေးသဘောထားများ တစ်နေ့တခြား ပိုမိုပြင်းထန်လာလျက်ရှိသည်ဟု ဆိုသည်။

အမေရိကန်တို့က အီရတ်များကို အကူအညီပေးကြလိမ့်မည်ဟု ယခင်က မျှော်လင့်ခဲ့ကြသည်။ ယခုအခါ ၎င်းတို့မျှော်လင့်ချက်များမှာ ပျက်ပြားခဲ့ရပြီဖြစ်သည်။ အမေရိကန်တို့က အီရတ်မိသားစုများ၏ သားသမီးများကို ဖမ်းဆီးသတ်ဖြတ်နေကြပြီး နေအိမ်များကိုလည်း ဖျက်ဆီးနေကြသည်ကို ကြုံတွေ့နေကြရသည်။ အမေရိကန် ဆန့်ကျင်ရေးသဘောထားများသည် အီရတ်ပြည်သူများအတွင်း ကျယ်ပြန့်လာလျက်ရှိကြောင်း ပါအိုလာဂတ်ဖာဂိုလီအဖွဲ့က ပြောကြားသည်။ ထိုအဖွဲ့သည် အီရတ် ကျူးကျော်သိမ်းပိုက်ရေး ဖြစ်ရပ်များကို လေ့လာစောင့်ကြည့်နေသော လွတ်လပ်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။

သို့ရာတွင် မတ်လအတွင်းက အီရတ်တွင် လူထုသဘောထား လေ့လာမှုတစ်ခု ပြုလုပ်ခဲ့သည်။ ထိုလေ့လာမှုတွင် လူ ၂၅၀၀ ကို တွေ့ဆုံစုံစမ်းခဲ့ခြင်းဖြစ်သည်။ ၄၁ ရာခိုင်နှုန်းသော အီရတ်တို့က ကျူးကျော်သိမ်းပိုက်ခံရခြင်းကြောင့် အရှက်တကွဲဖြစ်ရသည်ဟု ရှုမြင်ကြသည်။ အီရတ် ၁၀ ဦးလျှင် လေးဦးတို့က အမေရိကန်များအပေါ် အယုံအကြည်မရှိဟု ဆိုသည်။

အမေရိကန်များကို မုန်းတီးစေသော သဘောထားကျယ်ပြန့်လာစေသည့် အကြောင်းရင်းပေါင်း များစွာရှိသည်။ အမေရိကန်များ အီရတ်ကို ဝင်ရောက်ကျူးကျော်သိမ်းပိုက်ခဲ့သည်မှာ တစ်နှစ်ကျော်သွားပြီဖြစ်သည်။ သို့သော် ဆန့်ကျင်တိုက်ခိုက်မှုများမှာ လျော့ပါးသွားခြင်းမရှိသေးပေ။ အခြေခံလိုအပ်ချက်များမှာလည်း ပြည့်စုံခြင်းမရှိသေးဘဲ လိုမြဲလိုနေဆဲဖြစ်သည်။ အလုပ်အကိုင် အခွင့်အလမ်းများမှာလည်း နည်းပါးလျက်ပင်ရှိသေးသည်။ တစ်ချိန်တည်းမှာပင် အီရတ်အရပ်သားများနှင့် ကျူးကျော်သူတပ်ဖွဲ့များအကြားတွင် မပြေမလည်မှုများမှာ မကြာခဏဖြစ်ပေါ်နေပြန်သည်။

အမေရိကန်တပ်ဖွဲ့များက အီရတ်နိုင်ငံအနှံ့တွင် စီးနင်းတိုက်ခိုက်မှုများ ပြုလုပ်ရာ အီရတ်ပိုင်ပစ္စည်းများကို ပျက်စီးစေခဲ့သည်။ ထို့အပြင် အတိုက်ခိုက်ခံရသောအခါများ၌လည်း အမေရိကန်တပ်ဖွဲ့များသည် အရပ်သားများနှင့် တိုက်ခိုက်သူများဟု မခွဲခြားကြဘဲ မဆင်မခြင်ပစ်ခတ်ခဲ့ကြသည်ဟု ဒေသခံများက ရှုမြင်ထားကြသည်။ မကြာမီက တီကရစ်၌ဖြစ်ပွားသော အဖြစ်အပျက်တွင် အမေရိကန်များ၏ ပစ်ခတ်မှုကြောင့် သုံးနှစ်သားအရွယ်ကလေး သေဆုံးခဲ့ရသည်။ ထိုကလေးငယ်သည် မိသားစုများနှင့်အတူ ကားဖြင့်လာစဉ် အပစ်အခတ်ခံရခြင်းဖြစ်သည်။

အီရတ်များက အမေရိကန်များအပေါ် ယုံကြည်ကိုးစားလာစေရန် ကြိုးစားအားထုတ်ခဲ့ရာတွင် အမေရိကန်တပ်ဖွဲ့ဝင်များကိုယ်တိုင်သည်ပင် အတားအဆီးပြုသူများ ဖြစ်လျက်ရှိနေပြန်သည်။ အီရတ်နိုင်ငံ ဘဂ္ဂဒက်သို့ဝင်လာသော အမေရိကန် တင့်ကားတစ်စီးပေါ်တွင် သွေးဆာနေသည်။ သင်းတို့ကို အသေသတ်ကြ စသည်ဖြင့် အမေရိကန်တပ်ဖွဲ့များက ရေးသားထားသည်ကို တွေ့ရသည်ဟုဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြ

မေ ၂ ရက်က ဘဂ္ဂဒက်မြို့တွင် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာသတင်းများ

အကြမ်းဖက်တိုက်ခိုက်မှုအပေါ် ဘုရှ် အလေးမထားခဲ့ဟုဆို

ဝါရှင်တန် မေ ၁

အမေရိကန်သမ္မတ ဂျော့ဂျ်ဒဗလျူ ဘုရှ်အပေါ် အများယုံကြည်လက်ခံနိုင်မှုသည် သမ္မတရွေးချယ်ရေးဆိုင်ရာ မဲဆွယ်လှုပ်ရှားမှုတွင် ထိပ်တန်းပြဿနာအဖြစ်ရောက်ရှိနေပြီး လုပ်ငန်းကိုင်ငန်းရရှိရေး၊ စီးပွားရေး၊ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုလုပ်ငန်းများထက် အရေးပါသည့် ပြဿနာဖြစ်လျက်နေကြောင်း၊ သမ္မတဘုရှ်သည် ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုမတိုင်မီက အကြမ်းဖက်တိုက်မှုကို ခြိမ်းခြောက်မှုအန္တရာယ်တစ်ခုဟု အလေးအနက်မှတ်ယူခြင်း မရှိခဲ့ကြောင်းဖြင့် အစိုးရဌာနမှ တာဝန်ရှိပုဂ္ဂိုလ်ဟောင်းတစ်ဦးဖြစ်သူ ဒီမိုကရက်တစ်အမတ်ဟောင်း ဝပ်ဟိုးဝပ်ဒင်းက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

အယ်လ်ခိုင်ဒါ အကြမ်းဖက်ကွန်ရက်သည် အမေရိကန်ပြည်ထောင်စုအတွက် ခြိမ်းခြောက်မှုအန္တရာယ် ဖြစ်နေကြောင်း၊ သမ္မတကလင်တန်၏ တန်ပြန် အကြမ်းဖျက်တိုက်ဖျက်ရေး အကြီးအကဲဖြစ်သည့် ရစ်ချက်ကလပ်၏ သတိပေးမှုများနှင့်ပတ်သက်၍ သမ္မတဘုရှ်က ဆောင်ရွက်ရန် ပျက်ကွက်ခဲ့ကြောင်း ဒင်းက ဒီမိုကရက်ပါတီဝင်များအား ပြောကြားခဲ့သည်။ ဗားမောင့်ပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်းတစ်ဦးဖြစ်ခဲ့ဖူးပြီး အီရတ်စစ်ပွဲအပေါ် ဝေဖန်သူတစ်ဦးဖြစ်သူ ဒင်းက အီရတ်စစ်ပွဲတွင် ရာချီ သေဆုံးနေသည့် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ထောင်ချီ၍ ထိခိုက်ဒဏ်ရာရရှိနေသူများအတွက် သမ္မတဘုရှ်အား ပြစ်တင်ပြောကြားခဲ့သည်။

ယင်းသို့ဖြစ်ရခြင်းသည် အမေရိကန်ပြည်သူလူထုအား အမှန်မပြောကြားခဲ့သည့် သမ္မတတစ်ဦး၏ အမွေအနှစ်ဖြစ်ကြောင်း ဒင်းက ဆက်လက်ပြောကြားသည်။

လုပ်ငန်းကိုင်ငန်းကိစ္စနှင့် တကွ ကျန်းမာရေး အာမခံထားမှုနှင့် စီးပွားရေးအရ လုံခြုံမှုရှိရေး စသည့်ကိစ္စများသည် သမ္မတ ရွေးချယ်ရေးဆိုင်ရာ မဲဆွယ်လှုပ်ရှားမှုတွင် အကြီးမားဆုံးသော ပြဿနာများဖြစ်နေမည်ဖြစ်ကြောင်း၊ သို့ရာတွင် ယခုအခါ အမေရိကန်သမ္မတအပေါ် အများယုံကြည် လက်ခံနိုင်မှုသည်သာလျှင် သမ္မတရွေးချယ်ရေး လှုပ်ရှားမှုတွင် အရေးကြီးဆုံးသော ပြဿနာဖြစ်လျက်နေကြောင်း ဒင်းက ထပ်လောင်းပြောကြားသည်။ ***အင်တာနက်။***

ဖော်လူဂျာမြို့ကို အင်အားသုံး ဝင်ရောက်လျှင် ပြင်းထန်သောလက်တုံ့ပြန်မှုနှင့် ကြုံတွေ့ရမည်

ဖော်လူဂျာ မေ ၃

အမေရိကန်တပ်ဖွဲ့များအနေဖြင့် ဖော်လူဂျာမြို့ကို ငြိမ်သက်သွားအောင် ဆောင်ရွက်နိုင်သော နည်းလမ်းတစ်လမ်းသာရှိကြောင်း၊ ထိုနည်းလမ်းမှာ ဖော်လူဂျာမြို့ကို အမေရိကန်များ လက်ရှောင်နေကြရန်ပင်ဖြစ်ကြောင်း ဖော်လူဂျာမြို့ရှိ အီရတ်လုံခြုံရေး တပ်ဖွဲ့ဝင်တစ်ဦးက ပြီးခဲ့သော သောကြာနေ့က ပြောကြားသည်။

အမေရိကန်များသည် တစ်စုံတစ်ခု မပြုလုပ်မီ ဦးစွာစဉ်းစားသင့်ကြသည်။ ၎င်းတို့သည် ဖော်လူဂျာမြို့သို့ အင်အားသုံး၍ ဝင်ရောက်မည်ဆိုလျှင် အင်အားဖြင့်ပင် ပြန်လည် တုံ့ပြန်သည်ကို တွေ့ကြုံကြရမည် ဖြစ်ကြောင်း၊ ထိုဖြစ်စဉ်သည် အကြိမ်ကြိမ်ဖြစ်ပွားစရာရှိကြောင်း ဗိုလ်မိုဟာမက်တာရစ်က ပြောကြားသည်။

ဖော်လူဂျာ မြို့သူ၊ မြို့သားများသည် ကျူးကျော်သိမ်းပိုက်ထားသည့် ကိစ္စအပေါ် ဒေါသအမျက်ခြောင်းခြောင်း ထွက်နေကြသည်။

မြို့တွင်း၌ လူမျိုးစုများစွာ နေထိုင်လျက်ရှိသည်ဖြစ်ရာ တစ်စုံတစ်ခုဖြစ်လာလျှင် လက်တုံ့ပြန်သွားကြမည့် အနေအထားမျိုးရှိသည့်အတွက် အမေရိကန်များအနေဖြင့် ဖော်လူဂျာမြို့မှ ရှောင်၍နေသင့်သည်ဟု ဆိုသည်။ ပြီးခဲ့သော ဗုဒ္ဓဟူးနေ့က ဖော်လူဂျာမြို့တွင် အမေရိကန် ကန်ထရိုက်တာလေးဦးကို တိုက်ခိုက်သတ်ဖြတ်မှု ဖြစ်ပွားခဲ့သည်။ ထိုအဖြစ်အပျက်ကြောင့် ဖော်လူဂျာမြို့ကို လူအများက အာရုံစိုက်လာကြသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ ဖော်လူဂျာမြို့ကို အမေရိကန်စစ်တပ်က စီးနင်းတုံ့ပြန်သွားမည်ဖြစ်ကြောင်း ကတိစကားဆိုခဲ့သည်။ မည်သို့မည်ပုံ တုံ့ပြန်မည်ဆိုသည့်အချက်ကိုမူ ထုတ်ဖော်ပြောကြားခြင်းမရှိကြောင်း သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

မေ ၂ ရက်က ဘဂ္ဂဒက်မြို့ရှိ အမေရိကန် စစ်စခန်းတစ်ခုရှေ့တွင် ဆန္ဒပြနေကြသည့် အီရတ်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဇီဝဆိုင်ရာ ချစ်ပ်များ ထုတ်လုပ်ရေးကြိုးပမ်း

ပေကျင်း မေ ၃

သာမန်မျက်စိဖြင့် မမြင်နိုင်သည့် သက်ရှိကလပ်စည်းဆဲလ်ကို လျှပ်စစ်ဓာတ်အားနှင့် ရောနှောပေါင်းစပ်ခြင်းအားဖြင့် ထုတ်လုပ်ရရှိသော ဇီဝဆိုင်ရာ ချစ်ပ်ပြားလေးများကို တရုတ်နိုင်ငံက လုပ်ငန်းများ၌ တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်အောင် တရုတ်သိပ္ပံပညာရှင်များက ကြိုးပမ်းလျက်ရှိကြောင်း သိရှိရသည်။

ယင်းချစ်ပ်ပြားလေးများကို ယခုအခါ အစားအသောက်များ အန္တရာယ်ကင်းရှင်းရေး စမ်းသပ်ဆေးဝါးလုပ်ငန်းနှင့် ဆေးခန်းဆိုင်ရာ ရောဂါရှာဖွေရေး လုပ်ငန်းများတွင် သစ်လွင်သည့် နည်းပညာတစ်ရပ်အဖြစ် အသုံးပြုလျက်ရှိကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။ ***စီစီတီဗွီ။***

အခြားနိုင်ငံများ၏ပြည်တွင်းရေး အမေရိကန်စွက်ဖက်မှု ဗင်နီဇွဲလား အစိုးရလက်မခံဟု သမ္မတ ဟူဂိုချာဗက်ဇ်ပြောဆို

ကရာကာ့စ် မေ ၂

အခြားနိုင်ငံများ၊ အထူးသဖြင့် ဟေတီနှင့် ဗင်နီဇွဲလားနိုင်ငံများ၏ ပြည်တွင်းရေးကို အမေရိကန်ပြည်ထောင်စုက ဝင်ရောက်စွက်ဖက်မှုနှင့်ပတ်သက်၍ မိမိတို့အစိုးရက လက်မခံကြောင်း ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က ဗုဒ္ဓဟူးနေ့တွင် ထပ်လောင်း ပြောကြားလိုက်သည်။

မိမိတို့အစိုးရသည် ဟေတီနိုင်ငံ၌ အမေရိကန်က တင်မြှောက်သည့် အစိုးရအဖွဲ့ကို အသိအမှတ်မပြုကြောင်းနှင့် ကာရစ်ဘီယံဘုံဈေးအဖွဲ့က ပြစ်တင်ရှုတ်ချသည့်နည်းတူ ယင်းအစိုးရကို ပြစ်တင်ရှုတ်ချရန် လက်တင်အမေရိကမှ နိုင်ငံများကို မိမိတို့တိုက်တွန်းကြောင်း ချာဗက်ဇ်က ပြောကြားသည်။ မိမိတို့အချင်းချင်း ညီညွတ်မှုရှိမှသာ အချုပ်အခြာအာဏာပိုင်မှုကို လေးစားရေးအတွက် အာမခံချက်ပေးနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ဟေတီအရေးနှင့် ပတ်သက်၍ ဆိတ်ဆိတ်နေခဲ့သည့် အမေရိကန်နိုင်ငံများအဖွဲ့ (အိုအေအက်စ်)၏ အခန်းကဏ္ဍကို ချာဗက်ဇ်က မေးခွန်းထုတ်လိုက်ပြီး ယင်းကဲ့သို့ ဆိတ်ဆိတ်နေမှုသည် ထူးခြားနေကြောင်း ၎င်းက ပြောကြားလိုက်သည်။

အမေရိကန်ပြည်ထောင်စုဆိုင်ရာ ဗင်နီဇွဲလား သံအမတ်ကြီးသည် မိမိအတည်ပြုထားသည့် မိန့်ခွန်းကိုပြောဆိုမည်ဖြစ်ကြောင်း၊ ဗင်နီဇွဲလားနိုင်ငံကို အမေရိကန်က ဆင်နွှဲသည့် ကျူးကျော်စွက်ဖက်ရေး အစီအစဉ်ကို ယင်းမိန့်ခွန်းတွင် ပြစ်တင်ဖော်ပြထားကြောင်း ၎င်းက ဗုဒ္ဓဟူးနေ့ညနေတွင် ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရားတော်များ ဟောကြားမည်

ရန်ကုန် ဧပြီ ၃

ရန်ကုန်တိုင်းတာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ဝဏ္ဏသိင်္ဂီလမ်းရှိ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ (၂၇၆)(ဆပ်သွားဖူးကျောင်းတိုက်)တွင် ၁၃၆၅ခု တန်ခူးလပြည့်ကျော် ၇ ရက်မှ ၁၃ ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဓာနနာယကဆရာတော်ဘဒ္ဒန္တပုညက ခန္ဓာဉာဏ်ရောက်သစ္စာဆိုက်အောင် ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသောယောဂီများ ဧပြီ ၁၀ရက်နောက်ဆုံးထား၍ဖုန်း-၅၅၉၆၀၄သို့ ကြိုတင်စာရင်းပေးသွင်း နိုင်ကြောင်းသိရသည်။(က-ပ)

ပြိုးပြိုးခြွေတာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

ခါသကြန် ဂိမှာန်ရောက်ပြန်ပေါ့

မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)

"လှလွန်း၏ဟု၊ ထင်မိစိတ်မှာ
မော့ကြည့်ခါ၌၊ မြညာဖူးတံ
ရွှေရည်ကျုံလျက်၊ ဝတ်ဆံငွေဥ
လှမျိုးစုသော၊ ပြည်သူ့မာလာ
ပိတောက်ဝါသည်၊ ပင်မှာဝင့်ထည်
ချစ်စဖွယ်တည့်။ ။"

(နုယဉ်)

တန်ခူးလသည် နှစ်သစ်ကူးလဖြစ်သည်။ နှစ်သစ်ကူးလ ဆိုသည်မှာ မင်္ဂလာလပင်ဖြစ်၏။ ကမ္ဘာပေါ်ရှိ တိုင်းပြည်အသီးသီးတွင် လူမျိုး၊ ဘာသာအလိုက် နှစ်ဟူသော အပိုင်းအခြားကို သတ်မှတ်သည့် အချိန်မှစ၍ နှစ်သစ်ကူးခြင်း ဝေါဟာရ ထွန်းကားလာခဲ့သည်။ နှစ်သစ်ကူးကာလတွင် ရိုးရာဓလေ့ထုံးစံအလိုက် အချို့က မီးများထွန်းညှိ၍လည်းကောင်း၊ အချို့က မီးရှူးမီးပန်းများ ဖောက်၍လည်းကောင်း၊ အချို့က ဆုတောင်းပွဲများ ကျင်းပ၍လည်းကောင်း နှစ်သစ်ကိုကြိုဆိုသည့် ပွဲလမ်းသဘင်များ ကျင်းပကြသည်။

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲနေ့တွင် သမီးပျိုလေးများ မြန်မာ့ယဉ်ကျေးမှုအကဖြင့် ဤသို့ ဖျော်ဖြေခဲ့ကြသည်။

မြန်မာနိုင်ငံတွင်မူ နှစ်သစ်ကူးမင်္ဂလာလတွင် ရေပက်ဖျန်းခြင်းဖြင့် ပွဲလမ်းသဘင် ကျင်းပကြသည်။ ရေပက်ကစားခြင်းသည် အေးမြကြည်လင်စေခြင်း၊ အညစ်အကြေးများကို ဆေးကြောခြင်းနှင့် ရေကိုသား၍ အကြားမထင်ဘဲ ဆက်စပ်စည်းလုံးခြင်းဟူသော နိမိတ်ကောင်းများကိုယူ၍ မွန်မြတ်သည့် ရည်ရွယ်ချက်များဖြင့် ကျင်းပလာခဲ့သည်မှာ တကောင်းခေတ်ကပင် စခဲ့သည်ဟု ဆိုပါသည်။

ဤမင်္ဂလာနှစ်သစ်ကူးလတွင် သန့်စင်သောရေဖြင့် တစ်ဦးကိုတစ်ဦး ပက်ဖျန်းခြင်း၊ အမွှေးနံ့သာရည်တို့ဖြင့်

သိမ်မွေ့စွာပက်ဖျန်းခြင်း၊ အလှူဒါနများပြုလုပ်ခြင်း၊ ဥပုသ်သီတင်း ဆောက်တည်ခြင်း၊ ဘုရားများကို ရေသပ္ပာယ်ခြင်း၊ သက်ကြီးရွယ်အိုများကို တရော်ကင်ပွန်းတို့ဖြင့် ခေါင်းလျှော်ပေးခြင်း၊ အမွှေးနံ့သာတို့ဖြင့် ရေချိုးသန့်စင်ပေးခြင်း၊ လူကြီးမိဘများကို ပူဇော်ကန်တော့ခြင်း၊ ပရိတ်တရားတော်များ နာယူခြင်း၊ ရေနည်းငါးများကို ရေများရာသို့ သွားရောက်လွှတ်ခြင်း၊ ကျွဲနွားစသည်များကို ဘေးမဲ့လွှတ်ခြင်းစသည့် ထူးမြတ်သည့် ကုသိုလ်ကောင်းမှုများကို ပြုလုပ်ကြမြဲဖြစ်ပါသည်။

ထိုသို့ထူးကဲသော မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော မြန်မာတို့၏ နှစ်သစ်ကူးပွဲတော်ကို အိမ်နီးချင်းနိုင်ငံများ ကသာမက ကမ္ဘာကပါ ကြည်နူးဝမ်းသာ ထောမနာပြုကြပါသည်။ သို့ဖြစ်၍ အစဉ်အလာကြီးမားသော မြန်မာတို့၏ နှစ်သစ်ကူးယဉ်ကျေးမှုပွဲတော်၏ အနှစ်သာရကို ဆက်လက် ထိန်းသိမ်းသွားရပါမည်။

ယဉ်ကျေးမှုအလှသင်္ကြန်၊ သဘာဝသင်္ကြန်အဖြစ် မြန်မာတို့ စည်းလုံးညီညွတ်စွာ ပုံဖော်ခဲ့သဖြင့် ကမ္ဘာကျော်သည့် မြန်မာ့သင်္ကြန်ဖြစ်နေပါသည်။

မြန်မာတို့သည် နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကို ဗုဒ္ဓဘာသာ တရားတော်အရ မွန်မြတ်သန့်စင်သော ကုသိုလ်ကောင်းမှုများကိုပါ ယှဉ်တွဲကာ ဆင်နွှဲသည့် အစဉ်အလာကောင်းများကိုလည်း ဖန်တီးခဲ့ကြသည်။

အကိုင်းအညှောက်၊ အဖူးအညွန့်တို့နှင့် စီရစီထွက်ပြူဖူးပွင့်လျက်ရှိသော ငွေအဆင်းဆောင်သည့် ချီချီကြွကြွ ဖူးပွင့်နေကြသော ကံ့ကော်ပန်းတို့သည်လည်း လေယူရာသို့ ယိမ်းယိုင်ညွတ်ကိုင်းနေကြပါသည်။

တိုင်းရင်းသူကလေးများကလည်း သင်္ကြန်ပွဲတော်တွင် ဤသို့ ပါဝင်ဆင်နွှဲကြသည်။

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲတွင် မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းလျက် အဆို၊ အကများဖြင့် တင်ဆက်ခဲ့သည်ကို ဤသို့ တွေ့ရသည်။

ဧရာဝတီမြစ်အတွင်း၌ ကြည်လင်သောရေအလျဉ်၊ နှစ်သက်ဖွယ် တသွင်သွင် စီးဆင်းနေသော မြစ်ကမ်းသဲသောင်စပ်တွင် ဟင်္သာ၊ သောင်တင်း၊ ပိန်ညင်းငှက်တို့သည် အတောင်ဖြန့်ကာ၊ ဝဲကာ ဖိုမယှဉ်တွဲ ချစ်တင်းနှော၍ နေကြလေသည်။ ရာသီစက် တစ်ဆယ့်နှစ်ကွက်တွင် ဤရာသီသည် အခြားသော လရာသီတို့နှင့် ချိန်စက်နှိုင်းပြိုင်၍မမျှ၊ တုဖက်ပြိုင်ဘက် ကင်းလွတ်သော လရာသီဖြစ်သည်။ အဖိုးမဖြတ်နိုင်သော ဂုဏ်တို့နှင့် ပြည့်စုံပေသည်။

နှစ်ဟောင်းကုန်ကျူး၍ နှစ်သစ်သို့ကူးပေတော့မည်။ အဟောင်းအဟောင်းတို့ ချုပ်ငြိမ်းကာ အသစ်အသစ်တို့ ဖြစ်ပေါ်တည်ထွန်းလာသည့် ခါသမယထူးသို့ ရောက်ပေပြီ။ တောအလုံးသည် ရွက်သစ်ရွက်နုတို့ဖြင့် စိမ်းလန်းစိုပြည်လျက်ရှိသည်။ ယှဉ်ပြိုင်ဘက်ကင်း ပန်းများမင်းဖြစ်သော ရွှေကံ့ကော်တို့သည် ဇမ္ဗူဒိပ်ကျွန်းတစ်ခွင်တွင် မွှေးရနံ့တသင်းသင်းဖြင့် ပွင့်လန်းစွင့်သန်း အလှပန်း ပွင့်လန်းနေကြသည်။

"ပုရစ်တံ မြရည်သွေးငယ်နဲ့
နှစ်သကြန်လမည်ပေးမယ်လို့
လှကြည်ဆေးငယ်က တင်လိုက်တာ။
အသွင်မြတ်ပါဘိ
ရင်ခတ်ကယ် ရွှေမာလာတို့
ဖွေချာမှာ ရနံ့သင်းလို့ရယ်
ဟောမဝါ စုံပြိုင်တွင်းမှာ
ဆင်းဖန့်ဖန့်ဝါ။ ။"

စာတော်ဖတ် ဦးကြော့သည် တန်ခူးလ၏ ရာသီပန်းတစ်ရပ်ဖြစ်သော ရင်ခတ်ပန်းကို ဤသို့လျှင် ဂုဏ်ထူးဝိသေသပြုကာ ဖွဲ့ဆိုခဲ့သည်။ ရင်ခတ်သည် ကံ့ကော်လောက် မြို့တော်ကြိုက်ပန်းမျိုးမဟုတ်။ သို့သော် စိမ်းလဲ့သော မြရည်သွေး ပုရစ်ဖူးပုရစ်တံနှင့် ဖန့်ဖန့်ဝါသော ပွင့်ဝတ်လွှာပိုင်ရှင် ရင်ခတ်ကို နှစ်သက်ဖွယ်၊ တိမ်းမူးဖွယ်ဖြစ်စေရန် ကဗျာဉာဏ်ရွှေရည်ဦး၍ ကွန့်မြူးခဲ့ခြင်းဖြစ်သည်။

"စိတြငယ်နှင့်
ငွေလသော်တာတို့
ယုဂန်ချာ တောင်တော်စွန်းမှာ
ထွန်းထိန်လို့လင်း။ ။"

ဤသို့လျှင် ဖိုးသူတော်ဦးမင်းသည် မိမိ၏ တန်ခူးလဘွဲ့လေးဆစ်သဖြန်တွင် ရာသီနက္ခတ်ကို မော်ကွန်းမှတ်ခဲ့သည်။

မြန်မာတို့သည် ရှေးယခင် မြန်မာဘုရင်များလက်ထက် ကာလကပင် နှစ်ဟောင်းကုန်၍ နှစ်သစ်ကြိုသော ဤရာသီတွင် သင်္ကြန်တော်မင်္ဂလာကို ပြုလေ့ရှိကြသည်။

ဘုရင်မင်းမြတ်သည် မင်္ဂလာရေတော်ကို ငွေဖလားဖြင့်ထည့်ကာ ဦးခေါင်းဆေးလျှော် သင်္ကြန်တော်မင်္ဂလာကို ဆင်နွှဲတော်မူသည်။

သင်္ကြန်သည် မြန်မာ့ရိုးရာပွဲတော်ဖြစ်သည်။ သင်္ကြန်ပွဲတော် ကျင်းပချိန်တွင် မြန်မာလူမျိုးတိုင်း၏ စိတ်နှလုံးသည် ကြည်လင်လန်းဆန်းနေလေ့ရှိသည်။ မြန်မာ့သင်္ကြန်သည် မြန်မာပြက္ခဒိန်အရ နှစ်ဟောင်းမှ နှစ်သစ်သို့ကူးပြောင်းသော အချိန်အခါဖြစ်သည်။ နှစ်ဟောင်း၏ အညစ်အကြေးများကို သန့်စင်ဆေးကြော၍ နှစ်သစ်ကို ရွှင်လန်းစွာ ကြိုဆိုသည့် အထိမ်းအမှတ်အဖြစ် တစ်ဦးနှင့်တစ်ဦး ရေစင်ပက်ဖျန်းလေ့ရှိကြသည်။ ထိုသို့ ရေပက်ကစားသည့်ပွဲတော်ကို သင်္ကြန်ပွဲတော် ဟုခေါ်သည်။

ရွှေရည်လူးသော ပိတောက်တို့ နှစ်သစ်ဦးကို ကြိုခဲ့ပြန်ချေပြီ။ ပိတောက်ပန်းများ သင်းကြိုင်မွှေးထုံသော သင်္ကြန်ပွဲတော်သည် မြန်မာ့ယဉ်ကျေးမှု၏ အလှအပဆုံးပွဲတော်တစ်ခုပင်ဖြစ်သည်။ နွေဥတု အခါသမယတွင်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ●

မြန်မာ့ရိုးရာ မဟာသင်္ကြန်တွင် မူလတန်းကြိုကျောင်း သမီးငယ်လေးများကလည်း ယဉ်ယဉ်ကျေးကျေး ပါဝင်ဆင်နွှဲကြစဉ်။

● စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

သင်္ကြန်ရေအေးနှင့် တစ်ဦးကိုတစ်ဦး ဖျန်းပက်ကြကာ အေးချမ်းမှုနိမိတ်ကို ဆောင်လျက် အပြုံးကိုယ်စီဖြင့် ရှိနေကြသော မြန်မာ့ယဉ်ကျေးမှု၏အလှသည် တန်ခူး လေပြည်နှင့်အတူ မြူးကြွဝင့်ထည်နေပါသည်။

ဤလတွင် မြေပြင်မှာ ရင်ခတ်ပန်း ပွင့်သည်။ ကောင်းကင်မှာ စိတြကြယ် ထွန်းလင်းသည်။ နှစ်သစ်ကူး သော အခါသမယဖြစ်၍ မြန်မာတို့ စည်ကားသိုက်မြိုက်စွာ အတာရေသွန်းကြသည်။ ထို့ပြင် နှစ်ဟောင်းမှ အညစ် အကြေးများကို ဆေးကြောသန့်စင်ကြသည်။ ဘုရားကျောင်း ကန်များတွင် ဥပုသ်သီတင်း ဆောက်တည်ကြသည်။

ဝေါဟာရလီနတ္ထဒီပနီတွင် မိန်ရာသီမှ မိဿရာသီသို့ တနင်္ဂနွေဂြိုဟ် သင်္ကြန်အတာကူးသောကြောင့် တာကူးလဆိုသည်ဟု ဖော်ပြထားသည်။

သာယာဖွယ်၊ နှစ်လိုဖွယ်သော ဤသင်္ကြန်သည် မြန်မာတို့၏ နွေသရုပ်ပင် ဖြစ်ပါတော့သည်။ ဥဩ ငှက်ငယ်က တေးဆိုမည်။ အသစ်ကူးသည့် ပုရစ်ဖူးကလေး များက မြသွေးတစ်ထည် ဆင်လာလျှင်တော့ နွေဝင်လာပြီ ဖြစ်သည်။ မြန်မာ့နွေသည် မြန်မာတို့အတွက် ထူးခြား လေးနက်လှသည် မဟုတ်ပါလား။

မြန်မာ့ရိုးရာ ရေသဘင်ပွဲတော်၏ အထိမ်းအမှတ်ကို ကြည့်လျှင် "ပိတောက်ပန်းခက်နှင့် ရေကစားသည့် ငွေဖလား"တို့ ယှဉ်တွဲနေလေ့ရှိသည်။ မြန်မာ့ရိုးရာ ရေသဘင်ပွဲတော်သည် ယဉ်ကျေးသိမ်မွေ့လှသည်။ တစ်ဦး နှင့်တစ်ဦး မေတ္တာ၊ စေတနာအရင်းခံကာ ရေကစားကြ ခြင်းဖြစ်သည်။ မိန်းကလေးနှင့် ယောကျ်ားလေးဖြစ်၍ နေသော် မိဘအုပ်ထိန်းသူထံ ရေပက်ရန် ခွင့်တောင်းရ သည်။ ခွင့်ရမှ သိမ်မွေ့စွာ ရေကစားလေ့ရှိသည်။

"တစ်နှစ်တွင် သည်တစ်လပေပ
တစ်လတွင် တစ်ရက်ထဲ
ခက်ခဲတဲ့ ရက်ဗုဒ္ဓါ
ပွင့်ရှာကြ စုံမြိုင်တွင်း။ ။"

ဦးကြော့က ပိတောက်ပွင့်သော ရက်ကို ရက်ဗုဒ္ဓါ ဟူ၍ပင် တင်စားဖွဲ့ဆို ခဲ့ပေသည်။ နွေရာသီတွင် ရင်ခတ် ပန်း၊ ကံကော်ပန်းနှင့် ပိတောက်ပန်းတို့ ပွင့်ကြသည်။ ယင်းတို့အနက် ပိတောက်ပန်းသည် အထင်ရှားဆုံး ဖြစ်သည်။ ပိတောက်ပန်း၏အလှကို စာဆိုတော်ဦးကြော့က ပင် "လတန်ခူးပေမို့၊ အလှထူးပါဘိ၊ မြမြဖူးရယ်တဲ့ ခိုင်ရွှေဝါ"ဟု အစချီခဲ့သည်။

"လမ်းတစ်လျှောက် သင်းပါဘိ
ဆန်းသလောက် မလင်းနိုင်ဘု
ပန်းပိတောက်မင်း"

ဟူ၍ ပိတောက်ပန်းကို ပန်းတကာ့ပန်းတွင် အမြင့်မြတ်ဆုံးပန်း၊ ပန်းမင်းဟူ၍ တင်စားဖွဲ့ဆိုခဲ့သည်။ ဆရာဇော်ဂျီက "တစ်ခုသောသင်္ကြန်အခါ" ကဗျာ၌ လှပစွာ ဖွဲ့နွဲ့ခဲ့ဖူးသည်။ နှစ်သစ်ကူးပွဲတော်အချိန်တွင် လူတို့သာ ပျော်ရွှင်မြူးထူး နေသည်မဟုတ်။ ဘေးမဲ့လွှတ်ခံ ရသော တိရစ္ဆာန်တို့ပါ ဝမ်းမြောက်ကြည်နူး နေသည့်ဟန် ကို ဤသို့ ရေးဖွဲ့ထားသည်။

"ထိန့်လိုက်တဲ့ အိုးစည်
နဲ့ကလည်း ပီသန့်နဲ့
သီသူက သီကြ
ကသူက ကလာ
နွားကြီးလည်း ပါသပေါ့
ကျောပေါ်မှာ ကော်ဇော
အမွေးရောသနပ်ခါး
ချိုဖျားမှာ ပိတောက်ပန်းတွေက
တလျှမ်းလျှမ်း ရွှေအဆင်
နွားစိတ်ထဲ အခဲသားဝင်လိုက်ရ
ရွှင်လိုက်မယ်ဖြစ်ခြင်း။ ။"

အဟောင်းမှ အသစ်သို့ ကူးပြောင်းခြင်းသည် အထူး နှစ်လိုဖွယ်ရာဖြစ်သဖြင့် လူမျိုးတိုင်းက နှစ်သစ်ကူးပြောင်း ခြင်းကို မင်္ဂလာဟုခံယူကြသည်။ သို့ရာတွင် မင်္ဂလာရှိ သော နှစ်သစ်ကူးပြောင်းခြင်းကို ကြိုဆိုပုံ၊ ကျင်းပပုံချင်း ကား လူမျိုးတစ်မျိုးနှင့် တစ်မျိုး မတူကြချေ။ ရိုးရာ ဓလေ့ထုံးစံအလိုက် ကွဲပြားကြသည်။ အချို့လူမျိုးတို့က နှစ်သစ်ကူးပွဲတွင် ပန်းဆီရောင်ရေတို့ဖြင့် ဆွတ်ဖျန်းကြ၍ အချို့က မီးထွန်းကြ၊ မီးအိုး၊ မီးပန်းများ ပစ်ဖောက်ကြ သည်။ အချို့ဘုရားရှိခိုး ဆုတောင်းပွဲများ ပြုလုပ်ကြသည်။ မြန်မာလူမျိုးတို့ကမူ နှစ်သစ်ကူးပွဲတော်တွင် တစ်ဦးနှင့် တစ်ဦး ရေပက်ဖျန်း ကစားကြသည်။

သိကြားမင်း လူ့ပြည်သို့ဆင်းချိန်ကို သင်္ကြန်စကျချိန် ဟုလည်းကောင်း၊ နတ်ပြည်သို့ ပြန်တက်ချိန်ကို သင်္ကြန် တက်ချိန်ဟုလည်းကောင်း သတ်မှတ်ကြသည်။ ထို့ကြောင့် သိကြားမင်းကို သင်္ကြန်မင်းဟု ခေါ်ဝေါ်ရေးသားကြပေ သည်။ နှစ်သစ်ကူးချိန်တွင် သိကြားမင်း လူ့ပြည်သို့ဆင်းလာ သည့်အခါ ကျွဲ၊ နွားစသော သတ္တဝါတစ်ကောင်ကောင်ကို စီး၍ ဆင်းလာလေ့ရှိသည်ဟု ဗေဒင်ပညာရှင်များက ဆိုကြ၏။ သို့ဖြစ်၍ သင်္ကြန်စာများ၌ ယခုနှစ်တွင် သိကြားမင်းသည် မည်သည့်သတ္တဝါကိုစီး၍ မည်သည့် အရာကို ကိုင်ဆောင်ပြီးဆင်းမည်ကို ရုပ်ပုံနှင့်တကွ ဖော်ပြ လေ့ရှိကြပေသည်။

မြန်မာတို့သည် နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကို ဗုဒ္ဓ ဘာသာ တရားတော်အရ မွန်မြတ်သန့်စင်သော ကုသိုလ် ကောင်းမှုများကိုပါ ယှဉ်တွဲကာဆင်နွှဲသည့် အစဉ်အလာ ကောင်းများကိုလည်း ဖန်တီးခဲ့ကြသည်။

"မြူမင်းလွင်ထန်
ကြူသင်းတာချိန်ယံမတော့
ရွှေဝတ်ဆံ ငုံတံညွှာက်ကယ်နှင့်
ခါသင်္ကြန် ဂိမှာန်ရောက်ပြန်တော့
သိန်သရေ ထိန်ဝေလို့တောက်တဲ့ပြင်
လမ်းတစ်လျှောက်သင်းပါဘိ
ဆန်းသလောက် မလင်းနိုင်ဘု
ပန်းပိတောက်မင်း။ ။"

စာဆိုတော် စုံနံ့သာမြိုင်ဦးကြော့က သူ၏ ပိတောက် ပန်းဘွဲ့ လေးချိုးကြီးတွင် ပိတောက်ပန်းကို အမြင့်မြတ်ဆုံး ပန်းဟူ၍ တုနှိုင်းစပ်ဆိုခဲ့သည်။

ရေသည် အေးမြကြည်လင်ခြင်း၊ အညစ်အကြေးကို ဆေးကြောခြင်းနှင့် ရေကိုသား၍ အကြားမထင်ဘဲ ဆက်စပ် နေခြင်းဟူသော နိမိတ်သုံးပါးကို ဆောင်သည်။ ထိုနိမိတ် သုံးပါးအရ နှစ်ဟောင်းမှ အညစ်အကြေးများကို နှစ်သစ်ကူး ရေစင်ကဲ့သို့ အေးမြကြည်လင်စေသည့်အပြင် ပြည်သူ အချင်းချင်း ရေကိုသား၍ အကြားမထင်သကဲ့သို့ စည်းစည်း လုံးလုံး ချစ်ချစ်ခင်ခင် နေထိုင်ဆက်ဆံကြရန်ဟူသော မွန်မြတ်သည့် ရည်ရွယ်ချက်များဖြင့် သင်္ကြန် ပွဲတော်ကို ကျင်းပခြင်းဖြစ်သည်။

သို့ဖြစ်ပေရာ မကြာမီကျရောက်တော့မည့် နှစ်ကူးသည့် တန်ခူးလချိန်ခါ သင်္ကြန်ပွဲတော်တွင် ရှေးရိုးစဉ်လာမပျက် ယဉ်ကျေးမှုကို ထိန်းသိမ်းကြရင်း နှစ်ကူးသင်္ကြန်ပွဲတော်ကို နွှဲပျော်သွားကြရန် ရေးသားလိုက်ရပေသည်။ ။

သတိပြုရန်

၁။ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလအတွင်း ယာဉ်မောင်းသူများလိုက်နာရန်

(က) မူးယစ်သောက်စား ယာဉ်မမောင်းရ။

(ခ) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင် မမောင်းရ၊ လုမမောင်းရ။

(ဂ) မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။

(ဃ) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။

(င) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။

(စ) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။

(ဆ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်)မပါဘဲ မမောင်းရ။

(ဇ) ဖျက်သိမ်းထားသော ယာဉ်အိုုယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။

(ဈ) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။

(ည) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။

၂။ ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

၃။ "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို အကျည်းတန် မညစ်နွမ်းပါစေနှင့်"

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

စက်မှုစွမ်းအား ခေတ်ကျော်လွှား

အဂ္ဂမဟာ ပဏ္ဍိတ ဂုဏ်ပူဇာသဘင်ကျင်းပမည်

ရန်ကုန် ဧပြီ ၄

၂၀၀၄ခုနှစ် ဇန်နဝါရီ ၄ရက်တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ရွှေနှင်းဆီလမ်း ရှစ်မိုင်ခွဲ ကန်ဦးဇေတဝန် စာသင်တိုက် ဆရာတော် ဘဒ္ဒန္တ နန္ဒသာမိဘိဝံသ (အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ) အရှင်မြတ်အား တပည့် သံဃာနှင့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့က ဂုဏ်ပြုပူဇော်သည့် အဂ္ဂမဟာပဏ္ဍိတ ပူဇာသဘင်ကို ၁၃၆၆ခုနှစ် ကဆုန်လဆန်း ၇ရက်၊ ဧပြီ ၂၅ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ဆင်ယင် ကျင်းပမည်ဖြစ်၍ လှူဒါန်း ပူဇော်လိုသူများသည် အကျိုးဆောင်အဖွဲ့၊ ကန်ဦးဇေတဝန်စာသင်တိုက် ရှစ်မိုင်ခွဲ ရွှေနှင်းဆီလမ်း မရမ်းကုန်းမြို့နယ် ဖုန်း-၆၆၃၀၉၈ သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်းသိရသည်။ (က-ပ)

ဆန်စပါးကုန်သည်များအသင်း ရဟန်းခံရှင်ပြုအလှူမင်္ဂလာကျင်းပ

ရန်ကုန် ဧပြီ ၄

မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များ အသင်း ဒုတိယအကြိမ် ရဟန်းခံ ရှင်ပြုအလှူတော်မင်္ဂလာကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ်ရှိ မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်များအသင်းရုံး၌ ကျင်းပရာ ဒဂုံမြို့နယ် ဓမ္မရိပ်သာကျောင်းတိုက် နာယက ဘဒ္ဒန္တဓမ္မထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များ အသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦးက ဒုတိယအကြိမ် ရဟန်း ၇၈ပါး၊ သာမဏေ ၄၅ပါးတို့အား သာသနာ့ဘောင်သို့ သွတ်သွင်း ချီးမြှင့်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းလျှောက်ထားသည်။ ထို့နောက်အသင်း ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အသင်းသား၊ အသင်းသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။ (သတင်းစဉ်)



မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

* အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။

* သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။

* အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှု သင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ရေခဲထုပ်၊ ရေပူဖောင်း ဆပ်ပြာရည် ဂက်စ်ဘူးဖြင့် ကစားက

၁။ လက်ဝယ်တွေ့သူ ထောင်(၁)နှစ်

၂။ ကစားသူ ထောင်(၃)နှစ်

၃။ ထုတ်လုပ်ရောင်းချသူ ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

သတိ

၁။ လေပေါင် ၁၀၀မှ ၁၅၀အထိ အတင်အချ ပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအား ပြင်းလွန်း၍ ရေပက်ခံရသူတွင် အသားရေများ ပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများအား ထိုးမိပါက မျက်လုံး၊ နားကန်းနိုင်ခြင်း အန္တရာယ်ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများ တွင် ကွန်ပရက်ဆာပန့်များအသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်ပါသည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ် နံနက် ၀၇:၀၀နာရီမှ ၁၈:၀၀နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် ၁၈:၀၀နာရီနောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်ပါသည်။

၃။ တားမြစ်ချက်အား ဖောက်ဖျက်ပါက ထိရောက်စွာ အရေးယူ ခံရမည်ဖြစ်ပါသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ဝံသာနုသတင်းလွှာ အတွဲ(၁၃)၊ အမှတ်(၇) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၄

၂၀၀၄ခုနှစ် မတ် ၂၀ရက်က (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြု၍ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှေညောင်-နမ့်စန် ရထားလမ်းပေါ်ရှိ မိုင်းစိတ်-ကောင်ဆိုင်းနှင့် ပြင်သာယာ-ထီရိ ရထားလမ်းများ ဖွင့်လှစ်ပွဲ အခမ်းအနားမှ ဒေသခံပြည်သူတို့၏ အပျော်ပုံရိပ်များ မျက်နှာဖုံးဖြင့် "ဝံသာနု" သတင်းလွှာ၊ အတွဲ(၁၃)၊ အမှတ်(၇)ကို ယနေ့ ထုတ်ဝေလိုက်သည်။ **(ဓါတ်ပုံ)**

"ဝံသာနု"သတင်းလွှာတွင် ရေမြင်းမူလမျိုးနွယ် ကျောက်ဖြစ်ရုပ်ကြွင်းများ၊ သစ်ခိုးထုတ်ယာဉ်များနှင့် သစ်ခိုးသမားများ၊ အထီးနှင့် အစ်မ နှစ်ဘဝပြောင်းတတ်သော အိမ်မွေးကြောင်၊ ဒီဇယ်သူခိုးများ သောင်းကျန်းလွန်း၍ ပစ်ခတ်ဖမ်းဆီး၊ တရားမဝင် ကာရာအိုကေဆိုင်မှ ဆိုင်ရှင်နှင့် မိန်းကလေးများ အရေးယူ၊ စက်တပ်သမ္ဗန်စီးမြို၍ ငွေ ကိုရီးယားမှ အလုပ်ရမယ်ဆိုပြီး ငွေ ခုနစ်သိန်း လိမ်ယူသူ၊ ဒဂုံမြို့သစ် (တောင်ပိုင်း)တွင် တရားမဝင် ဒိုင်နာကြားကား တိမ်းမှောက်၊ စမ်းချောင်းမှ တရားမဝင်ခိုးကူး ဗီစီဒီခွေတတ်ပြားများ၊ မော်လမြိုင်မှ တရားမဝင် ဗီစီဒီ ခွေတတ်ပြား ရောင်းချသူများဖမ်းဆီးစသော ပြည်တွင်းသတင်းများနှင့် လူမှုဒုက္ခကပ်ဆိုးများမှ ရုန်းထွက်လွတ်မြောက်ခြင်း မရှိသေးသော တောင်အာဖရိကနိုင်ငံအချို့၊ မျှော်လင့်ချက် အလင်းရောင် ဆိတ်သုဉ်းနေသော အီရတ်ပြည်သူတို့ဘဝ၊ ကမ္ဘောဒီးယားနိုင်ငံမှ ကလေးမှောင်ခိုကုန်ကူးမှု ပြဿနာ၊ အယ်လ်ကေဒါ အကြမ်းဖက်သမားများအား အပြင်းအထန်နှိမ်နင်းနေသော ပါကစ္စတန်တပ်ဖွဲ့များ၊ မယ်ထိုင်းစကြဝဠာ ၂၀၀၄ ပြိုင်ပွဲ အပါအဝင် ပြည်တွင်း ပြည်ပနိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးသတင်းများကို ဖော်ပြထားပြီး ဆင်တောင်ကြီးဓာပေ အမှတ်(၃၁) (၂၉)လမ်း ရန်ကုန်မြို့က ဖြန့်ချိလိုက်သည်။ (က-ပ)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

ဧပြီ ၄ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်သည့် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။
(သတင်းရှေ့ဖုံး) (သတင်းစဉ်)

ဧပြီ ၄ရက်က ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်သည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းရှေ့ဖုံး) (သတင်းစဉ်)

မြန်မာ့စီးပွားရေးဘဏ် မော်ဘီဘဏ်ခွဲ အဆောက်အအုံသစ် ဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၄

မြန်မာ့စီးပွားရေးဘဏ် မော်ဘီဘဏ်ခွဲ အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် မော်ဘီမြို့ အမှတ်(၄) လမ်းမကြီး မြို့နယ်ရဲတပ်ဖွဲ့စခန်းရှေ့ရှိ အဆိုပါ အဆောက်အအုံသစ်၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ ဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ မော်ဘီတပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီးတင်ဦး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာ့စီးပွားရေးဘဏ်မှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင်က ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ဒုတိယဝန်ကြီးဗိုလ်မှူးကြီးလှသိန်းဆွေတို့အား ဘဏ်ခွဲနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက မြန်မာ့စီးပွားရေးဘဏ် မော်ဘီဘဏ်ခွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် မော်ဘီတပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီးတင်ဦးနှင့် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင်တို့က ဘဏ်ခွဲ အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီးနှင့်အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ဘဏ်ခွဲ အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။
(သတင်းစဉ်)

ဟိုတယ်လုပ်ငန်းနှင့် ဆက်သွယ်ရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၄

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် တာဝန်ရှိ ပုဂ္ဂိုလ်များလိုက်ပါလျက် ဧပြီ ၂ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရခိုင်ပြည်နယ် သံတွဲမြို့သို့ရောက်ရှိပြီး ငပလီကမ်းခြေရှိ Sandoway Resort ဟိုတယ်ကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဧပြီ ၃ရက် နံနက်ပိုင်းတွင် Amata Resort Hotel နှင့် အဆိုပါဟိုတယ်၏ တည်ဆောက်ဆဲလုပ်ငန်းများ၊ Tamarind Beach Hotel ၏ တည်ဆောက်ဆဲလုပ်ငန်းများနှင့် Htoo Trading Co., Ltd ၏ Ngapali Resort Hotel စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဝန်ကြီးသည် ငပလီရွှေဝါချိုင်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရုံးကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် Jade Marina Resort Hotel နှင့် သံတဲ Beach Resort ဟိုတယ်များ၏ တည်ဆောက်ဆဲလုပ်ငန်းများ၊ လင်းသာဦး ဟိုတယ်၊ Bay View Hotel နှင့် Silver Beach Hotel များနှင့် Amazing Ngapali Resort Hotel ၊ Fortune Resort၊ ဧဒင် ဟိုတယ်နှင့် မင်းဇာနည်ဟိုတယ်တို့၏ တည်ဆောက်ဆဲလုပ်ငန်းအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း မြန်မာ့စီးပွားရေးဘဏ် မော်ဘီဘဏ်ခွဲ အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားတွင် မော်ဘီဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

သဲအင်းဂူသကြိန် အစိဋ္ဌာန် ခုနစ်ရက်စခန်း ဖွင့်မည်

ရန်ကုန် ဧပြီ ၄

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်းရှိ သဲအင်းဂူဓမ္မဗိမာန်တော်ကြီးတွင် မူလသဲအင်းဂူဆရာတော်ကြီး၏တပည့် ဩဝါဒါနှင့်ကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တ ဝိမလ(မိုးကောင်း)နှင့် ဘဒ္ဒန္တ ဇဝနတိက္ခဆရာတော် (မုံရွာ)တို့က ဧပြီ ၁၁ ရက်မှ ၁၈ ရက်ထိ သမထဝိပဿနာတရားတော်များ ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဧပြီ ၁၀ ရက် (စနေနေ့) ညနေ ၅ နာရီအရောက် မှတ်ပုံတင်ကတ်ပြားများနှင့်တကွ လာရောက်စာရင်းသွင်းကြရန်နှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်းများ လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

စီးပွားကူးသန်း ရှေ့သို့လှမ်း

✧ **ကျောဖုံးမှ**

စုစုပေါင်းအရှည်ပေ ၂၅၅၀၀ တူးဖော်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့်ပတ်သက်၍ တာဝန်ရှိသူများအား ရေတလဘောင်ကျေးရွာအုပ်စု၊ ဘားလားကျေးရွာအုပ်စုနှင့် ဆင်ဖုံကျေးရွာအုပ်စုရှိ ဒေသများသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေယာဉ်တက်/ဆင်းလမ်းကြောင်းအောက်၌ တည်ရှိသဖြင့် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေး အတွက် ရေတော်မိုးတော် မိုးစပါးနှင့် နွေစပါးကွက်လပ်မကျန် စိုက်ပျိုးနိုင်ရန်အတွက် မိုးမကျမီ ပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် လှည်းကူးမြို့နယ် ရေတလဘောင်ကျေးရွာအနီး လယ်သမားကြီးဦးဖေလှိုင်၏ နွေစပါးဧက ၂၀၀၌ လူအား၊ စက်အားဖြင့်ရိတ်သိမ်းခြွေလှေ့နေမှုများကိုလည်းကောင်း၊ ခြွေလှေ့ပြီး မနောသုခစပါးနှင့် စေတနာ(၁)စပါးများ နမူနာပြသထားမှုများကိုလည်းကောင်း လိုက်လံကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက တာဝန်ရှိသူများအား လှည်းကူးမြို့နယ်ရှိ လယ်သမားများအား နွေစပါးစိုက်ပျိုးရာတွင် သတ်မှတ်ထားသည့် စိုက်ပျိုးနည်းစနစ်များအတိုင်း စိုက်ပျိုးပါက ယခုကဲ့သို့ စပါးပိုမိုထွက်ရှိမှုကို အခြားလယ်သမားများ ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ပညာပေးရေး မှာကြားသည်။

ထို့နောက် ယာယီမဏ္ဍပ်၌ လှည်းကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက လှည်းကူးမြို့နယ်အတွင်း ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် နွေစပါးစိုက်ပျိုးပြီးစီးမှုနှင့် ရိတ်သိမ်းနေမှု၊ လာမည့် နွေစပါး စိုက်ပျိုးရာသီတွင် တိုးချဲ့စိုက်ပျိုးနိုင်ရေး ရေသွင်းရေနုတ်မြောင်းများ တိုးချဲ့တူးဖော်ပေးရမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ဒေသခံတောင်သူလယ်သမားကြီးများအား ယခုအခါ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်စေရန် မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် စီးပွားဖြစ် သီးနှံများ ၁၂လရာသီ စိုက်ပျိုးနိုင်ရန် ယခုနှစ်၌ ငမိုးရိပ်ရေလှောင်တမံ၊ ရေကူပေါင်းလင်းရေလှောင်တမံနှင့် မဟူရာရေလှောင်တမံတို့ကိုတည်ဆောက်ဖွင့်လှစ်ပေးပြီးဖြစ်ကြောင်းဖြင့်ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒေသခံတောင်သူလယ်သမားကြီးများက ဒေသဖွံ့ဖြိုးတိုးတက်စေရန် ပညာရေး၊ ကျန်းမာရေး၊လမ်းပန်းဆက်သွယ်ရေးအစရှိသည့် ကဏ္ဍများ၌ ကူညီဖြည့်ဆည်းပေးရမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ရန်ကုန်တိုင်းအတွင်း ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် နွေစပါးဧက ၂၁၁၇၅၉ဧကကျော် စိုက်ပျိုးခဲ့ရာ ယနေ့အထိ ဧက ၄၆၀၀၀ကျော် ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် စက်မှုလယ်ယာဦးစီးဌာနက ပြသထားရှိသည့် လယ်ယာ ၁၆လက်တွန်းထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်များ ဒေသခံတောင်သူလယ်သမားကြီးများ ဝယ်ယူနိုင်ရန်ပြသထားမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ဒေသခံတောင်သူလယ်သမားများ လွယ်ကူစွာဝယ်ယူ အသုံးပြုနိုင်ရေး ဆောင်ရွက်သွားရန် မှာကြားသည်။

(သတင်းစဉ်)

သဃ်န်းကျွန်းမြို့နယ် ချမ်းအေးကြည်သာစံကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ရေစက်ချမင်္ဂလာ အခမ်းအနားကျင်းပ

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် (င/က)ရပ်ကွက် ပန်းရိုက်လမ်း ချမ်းအေးကြည်သာစံကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ရေစက်ချမင်္ဂလာအခမ်းအနားတွင် ရေစက်သွန်းချစဉ်။

(ရန်ကုန်တိုင်း)

ရန်ကုန် ဧပြီ ၄

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်၊ (င/က)ရပ်ကွက်၊ ပန်းရိုက်လမ်းရှိ ချမ်းအေးကြည်သာစံကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့နံနက်၁၁နာရီတွင် အဆိုပါကျောင်းတိုက်၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် ကြည်ညိုသည်။

တက်ရောက်

အခမ်းအနားသို့ တိပိဋက ရွှေချယ်ရေးဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု မော်လမြိုင်မြို့ သာသနာ့မာရ်အောင်ဝဲပျံစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ဝိဇယာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး အမှတ်(၂) စစ်ဒေသမှူး ဗိုလ်မှူးချုပ် မျိုးမြင့်၊ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး မောင်မောင်ရိုန်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ကျောင်းဆောင်သစ် အလှူရှင် ဦးကိုကိုလတ်-ဒေါ်တင်တင်မေ (ကြည်သာရတနာရွှေဆိုင်) မိသားစုများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး တိပိဋက ရွှေချယ်ရေးဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု မော်လမြိုင်မြို့ သာသနာ့မာရ်အောင်ဝဲပျံ စာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ဝိဇယာဘိဝံသထံမှ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဧည့်ပရိတ်သတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ပရိတ်တရားချီးမြှင့်

ထို့နောက် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က မေတ္တာသုတ် အစရှိသော ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများ၊ ကျောင်းဆောင်သစ်အလှူရှင် ဦးကိုကိုလတ်-ဒေါ်တင်တင်မေ (ကြည်သာရတနာရွှေဆိုင်)မိသားစုများက ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိပိဋကရွှေချယ်ရေးဩဝါဒါစရိယအဖွဲ့-အဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ မန္တလေးမြို့ ပေါက်မြိုင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသာဘိဝံသက အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူပြီး အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသက လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၅-၄-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋက ဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်)ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**

၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၄။ နံနက်ခင်းသတင်း

၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး

၇:၅၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်

၈:၀၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ

၈:၁၀ ၈။ အဆိုပြိုင်ပွဲ

၈:၁၅ ၉။ ရွှေလီတံတား

၈:၃၀ ၁၀။ International News.

၈:၄၅ ၁၁။ Let's Go.

၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ Practice in Reading.

၄:၄၅ ၄။ တေးဂီတအစီအစဉ်

၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (သတ္တဗေဒ၊ ဓာတုဗေဒ အထူးပြုများ) (ဓာတုဗေဒ)

၅:၁၅ ၆။ အကပဒေသာ

၅:၂၀ ၇။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)

၅:၄၅ ၈။ မြန်မာ့ရိုးရာတောခလေ့ ကျေးလက်တေးသံများ

၆:၀၀ ၉။ Discovery.

၆:၁၅ ၁၀။ တောင်းဆုပြည့်စုံ မြတ်ဘုရားရွှေတိဂုံ(အပိုင်း-၂)

၆:၃၀ ၁၁။ ညနေခင်းသတင်း

၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ

၇:၀၅ ၁၃။ စက်မှုစွမ်းအား ခေတ်ကျော်လွှား

၇:၁၅ ၁၄။ တေးဂီတအစီအစဉ်

၇:၂၅ ၁၅။ စည်းကမ်းထိန်းပါ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်မှာ

၈:၀၀ ၁၆။ ပြည်တွင်းသတင်း

၁၇။ နိုင်ငံတကာသတင်းများ

၁၈။ မိုးလေဝသအခြေအနေ

၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ အချစ်ဆိုသည်မှာ (အပိုင်း-၁၉)**

၂၀။ နောက်တစ်နေ့အစီအစဉ်

၂၁။ အစီအစဉ်ပြီး၏။

မိုင်းဖြတ်မြို့နယ် ဝမ်နောင်ကျေးလက်ကတ္တရာလမ်းဖွင့်ပွဲနှင့် ထားဝယ်မြို့ ဆန်းချီသုခလမ်း ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၄

မိုင်းဖြတ်မြို့နယ် ဝမ်နောင်ကျေးလက်ကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနားကို မတ်၂၁ရက် နံနက်ပိုင်းတွင် အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးတင်စိုးနှင့်အဖွဲ့၊ မိုင်းဖြတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးညွန့်၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရွာသူရွာသားများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အဆိုပါလမ်းသစ်အား ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုး၊ မိုင်းဖြတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းတွဲဖက်အတွင်းရေးမှူး ဦးမြင့်နိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အလားတူ ထားဝယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သည့် ဆန်းချီသုခလမ်း ထပ်ပိုးကတ္တရာလမ်း ဖွင့်ပွဲအခမ်းအနားကို မတ်၁၀ရက် နံနက်ပိုင်းတွင် အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပရာ ထားဝယ်တပ်နယ်မှ ဗိုလ်မှူးကြီးကျော်အောင်၊ ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ညို၊ ထားဝယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

(သတင်းစဉ်)

ထားဝယ် ပန်းချီဆရာများ၏ သုန်သုန်လေရူး နွေဦးပန်းချီပြပွဲ ကော်မတီ ဦးဆောင် နာယက နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင် ထားဝယ် ပန်းချီဆရာများ၏ သုန်သုန်လေရူး နွေဦးပန်းချီပြပွဲကို ကြည့်ရှုစဉ်။

(သတင်းစဉ်)

နွေဦးပန်းချီပြပွဲဆက်လက်ပြသ

ရန်ကုန် ဧပြီ ၄

အနုပညာချစ်မြတ်နိုးသူများအတွက် တစ်မူထူးခြားစွာ ပြသထားသော ထားဝယ်ပန်းချီဆရာများ၏ "သုန်သုန်လေရူးနွေဦးပန်းချီ"ပြပွဲကို ယနေ့နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ဒုတိယနေ့အဖြစ် ဆက်လက်ပြသလျက်ရှိရာ ပြပွဲကော်မတီ ဦးဆောင်နာယက နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင် လာရောက်ကြည့်ရှုအားပေးသည်။

ပြပွဲတွင် ထားဝယ်ဒေသမှ တစ်ချိန်က ထင်ရှားခဲ့ကြသော အလင်္ကာကျော်စွာဆရာကြီး ဦးငွေကိုင် အပါအဝင် ပန်းချီဆရာကြီးများနှင့် ၎င်းတို့၏ အနုပညာအမွေကို လက်ဆင့်ကမ်းသယ်ယူလာခဲ့ကြသော လူငယ်ပန်းချီဆရာများ၏ လက်ရာများကို ရင်သပ်ရှုမောဖွယ် တွေ့မြင်ကြရမည်ဖြစ်ပြီး ပြပွဲကို ဧပြီ ၇ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ပြသထားမည်ဖြစ်ရာ မည်သူမဆို ကြည့်ရှုလေ့လာ ဝယ်ယူအားပေးနိုင်သည်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဆင္ဒမအကြိမ် စုပေါင်းရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဆင္ဒမအကြိမ် စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်တိုင်း လှိုင်မြို့နယ် ကမာရွတ် ဘူတာရုံလမ်းရှိ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး ပရဟိတ(ကျား)ကျောင်း ဓမ္မဗိမာန်တော်၌ကျင်းပသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရ အမှူးပြုသည့် ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီးနယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့်ဇနီး ဒေါ်ကျင်ခိုင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းနှင့်ဗိုလ်မှူးကြီးတင်ငွေ၊နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ထမ်းမိသားစုများနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ သံဃာတော်များအား ဝန်ကြီးဌာနမိသားစုများက သိမ်ဆင်းလောင်းလှူကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ ရွတ်ပွားသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ရေစက်သွန်းချအမျှဝေ

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်နှင့် ဇနီး ဒေါ်ကျင်ခိုင်တို့က ဦးစီးလျက် ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မကွေးဆရာတော် ဘဒ္ဒန္တကုမာရ မဟာထေရ်မြတ်က အနုမောဒနာတရားဟောကြားတော်မူကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ ဆင္ဒမအကြိမ် စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာတွင် ရဟန်း၃၆ပါးနှင့် ရှင်သာမဏေ၂၂ပါးတို့ သာသနာ့ဘောင်သို့ ဝင်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်လုံးချမ်းသာအေးကမ္ဘာအောင်မြေ ကျိုက်ထီးရိုးစေတီ ထီးတော်တင်လှူ

ရန်ကုန် ဧပြီ ၄

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် အောင်ဘုန်းပွင့်တောင်၊ အောင်သိဒ္ဓိပါဠိကျောင်း ပြည်လုံးချမ်းသာအေးကမ္ဘာအောင်မြေ ကျိုက်ထီးရိုးစေတီ ထီးတော်တင်လှူပူဇော်ပွဲနှင့် သိက္ခာထပ်အလှူတော်မင်္ဂလာ အခမ်းအနားကို ဧပြီ၄ရက် နံနက် ၇နာရီက ကျင်းပရာ တိပိဋကဓရ တိပိဋကကောဝိဒ မော်ကျွန်းဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ အမှူးပြုသော တိပိဋကဆရာတော်များ၊ အောင်သိဒ္ဓိပါဠိကျောင်း ဆရာတော် ဘဒ္ဒန္တဥတ္တမနှင့် ဆရာတော် သံဃာတော်များ၊ မရမ်းကုန်းမြို့နယ် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အလှူရှင် ဦးအောင်မင်း-ဒေါ်စန်းစန်းမြိုင်နှင့် မိသားစုများ၊ ဖိတ်ကြားထားသော ဧည့်သည်များတက်ရောက်ကြပြီး ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို တင်လှူပူဇော်ကြသည်။**(ဓါတ်ပုံ)**ယင်းနောက် သံဃာတော်အရှင်သူမြတ် ခုနစ်ပါးတို့အား သိက္ခာထပ်အလှူတော်မင်္ဂလာ အခမ်းအနားကို ဆက်လက်ကျင်းပပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ (က-ပ)

စံပြမူကြိုဆရာဖြစ်သင်တန်း ကန်တော့ပွဲနှင့် သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၄

မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန စံပြမူကြိုဆရာဖြစ်သင်တန်းအပတ်စဉ်(၄)သင်တန်းပို့ချသည့် ဆရာကြီး ဆရာမကြီးများအား ဂါရဝပြု ကန်တော့ပွဲအခမ်းအနားကို ယမန်နေ့နံနက်၁၀နာရီခွဲတွင် စံပြမူကြိုဘုရားခန်း၌ကျင်းပရာ စံပြမူကြိုကျောင်းအုပ်ဆရာကြီး မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနဥက္ကဋ္ဌဦးမြင့်ဟန်၊ ရန်ကုန်ပညာရေးတက္ကသိုလ်မှ ပါမောက္ခ ဒေါ်ထူးထူးအောင်နှင့် ဆရာမများ၊ သင်တန်းပို့ချသည့် ဆရာကြီး ဆရာမကြီးများ၊ စံပြမူကြိုဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဩဝါဒစကား

အခမ်းအနားတွင် ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအား သင်တန်းသား၊ သင်တန်းသူများက ကန်တော့ချီးဖြင့် ကန်တော့ကြပြီး ကန်တော့ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် စံပြမူကြိုကျောင်းအုပ်ဆရာကြီးနှင့် ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများက ဩဝါဒစကား အသီးသီးပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ စံပြမူကြိုဆရာဖြစ်သင်တန်းအပတ်စဉ်(၄) သင်တန်းဆင်းပွဲ အခမ်းအနားကို မွန်းတည့်၁၂နာရီတွင် ရုပ်ရှင်ခန်းမ၌ကျင်းပရာ ရှေးဦးစွာသင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် စံပြမူကြိုကျောင်းအုပ်ကြီး ဦးမြင့်ဟန်က ၂၀၀၃-၂၀၀၄ခုနှစ် ပညာသင်နှစ်အတွင်း ထူးချွန်စွာကြိုးပမ်းဆောင်ရွက်ခဲ့ကြသော စံပြမူကြိုဆရာမများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ စံပြမူကြိုကျောင်းအုပ်ဆရာကြီးက သင်တန်းဆင်းအမှာစကား ပြောကြားပြီး စံပြမူကြိုကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူတစ်ဦးချင်းအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ စံပြမူကြိုကျောင်းအုပ်ဆရာကြီး ဦးမြင့်ဟန်အား သင်တန်းသူနစ်ဦးက မူကြိုကွန်ရက်အတွက် အလှူငွေပေးအပ်လှူဒါန်းသည်။

ထို့နောက် စံပြမူကြိုကျောင်းအုပ်ကြီးက သင်တန်းတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရ သင်တန်းသူများအား ဆုများချီးမြှင့်ပြီး သင်တန်းသားသင်တန်းသူများနှင့် စံပြမူကြို ဆရာမများက ဖျော်ဖြေတင်ဆက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပို့ချပေးမည်

အဆိုပါ စံပြမူကြိုဆရာဖြစ်သင်တန်း အပတ်စဉ်(၄)ကို မတ်၁၂ရက်မှ ယနေ့အထိ စာတွေ့ လက်တွေ့ပို့ချပေးခဲ့ပြီး စံပြမူကြိုဆရာဖြစ်သင်တန်း အပတ်စဉ် (၅)ကို ဧပြီ ၂၂ရက်မှ မေ ၁၅ ရက်အထိ ဖွင့်လှစ်ပို့ချပေးမည်ဖြစ်သည်။

(သတင်းစဉ်)

အောင်တော်မူ မူလတန်းလွန်ကျောင်း ရွှေရတုသဘင်နှင့် အာစရိယပူဇော်ပွဲ

ရန်ကုန် ဧပြီ ၄

မော်လမြိုင်မြို့ အောင်တော်မူ မူလတန်းလွန်ကျောင်း နှစ်(၅၀)ပြည့် ရွှေရတုသဘင်နှင့် အာစရိယပူဇော်ပွဲကို ဧပြီ ၁၀ ရက်တွင် အထက်ပါကျောင်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းအုပ်ဆရာကြီး ဦးစိုးမြင့် ဖုန်း-၀၅၇-၂၃၃၃၉၊ ဒေါ်သန်းညွန့်ကြည် ဖုန်း-၀၁-၂၂၇၁၅၉ နှင့် ဒေါ်လှဲ့လှဲ့စိုး ဖုန်း-၀၅၇-၂၄၂၂၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ဆရာ၊ ဆရာမဟောင်းများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ (က-ပ)

မြစ်သာရတနာနံ့ရုံကပ် စာစောင်ဖွင့်ပွဲနှင့် စာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၄

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ မြစ်သာရတနာနံ့ရုံကပ်စာစောင် ဖွင့်ပွဲနှင့် ဂန့်ဂေါမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ၆၄ခု အတွက် စာအုပ်များ ပေးအပ်လှူဒါန်းပွဲကို ဧပြီ ၂ရက် နံနက်ပိုင်းတွင် အဆိုပါရုံး၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးအောင်လှက နံ့ရုံကပ်စာစောင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် စာအုပ်လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဗိုလ်မှူးအောင်လှက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်သန်းထွန်းက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် အလှူရှင်များက သတင်းစာများ၊ ဂျာနယ် စာစောင်များ၊ စာအုပ်များကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိထံ ပေးအပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

မတ် ၃ ရက်က တာမွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှကြီးမှူး၍ မအူကုန်းရပ်ကွက်တွင် ၂၀၀၄ ခုနှစ် နွေရာသီ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာ သင်တန်းဆင်းပွဲနှင့် ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ထူးချွန် ကျောင်းသားများအား ဂုဏ်ပြုပွဲကို အလက(၃)၌ ကျင်းပရာ မြို့နယ်အသင်း အတွင်းရေးမှူး ဒေါ်လှဲ့လှဲ့ဝင်းဆွေက ငါးဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်သော မဝင်းနိုနိုကိုအား ဆုချီးမြှင့်စဉ်။ (က-ပ)

လေ့လှော်ပြိုင်ပွဲများကျင်းပ

ရန်ကုန် ဧပြီ ၄

မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော နွေရာသီအခြေခံ အားကစား သင်တန်းသားများ၏ လှေလှော်ပြိုင်ပွဲနှင့် မြန်မာ့လက်ရွေးစင်လှေလှော် အားကစားသမားများ၏ လက်ရည်စစ် လှေလှော်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ် အင်းလျားကန်၌ ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးကြသည်။

အစီအစဉ်အရ သတ်မှတ်ပွဲစဉ်များအတိုင်း လှေလှော်ပြိုင်ပွဲများကို ကျင်းပပြီး ပြိုင်ပွဲများအပြီးတွင် နွေရာသီအခြေခံလှေလှော်အားကစား သင်တန်းသားများက လှေလှော်အားကစားနည်းကျွမ်းကျင်မှုများကို သရုပ်ပြကြသည်။

ထို့နောက် ဗိုလ်လုပွဲများအပြီးတွင် အောင်နိုင်ဆုရရှိကြသူများအား မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၅-၄-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။ မြန်မာသကြီန်
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀	၄။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄:၃၀	၅။ မြန်မာသကြီန်
၄:၄၅	၆။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀	၇။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** °°°°°°°Income and Expenditure Account (စီးပွားရေး၊စီးပွားစီမံ)
၅:၃၀	၈။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
၅:၄၅	၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။ နိုင်ငံတကာသတင်း
၆:၂၀	၁၂။ မိုးလေဝသသတင်း
၆:၂၅	၁၃။ မြန်မာ့ရှုခင်း
၆:၃၅	၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၄၅	၁၅။ မေးမြန်းစုံစမ်း
၇:၀၀	၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဘုဏ်ကျယ်လေး (အပိုင်း-၅)**
၈:၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သိုင်းမင်းသားလေးနှင့်ရွှေမင်းသမီး (ဒုတိယတွဲ) (အပိုင်း-၄)**
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိတ်နှုတ်ဆက်စကား
	၂၄။ ပြီးပါပြီ။

ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ကျောက်တန်းမြို့နယ်အတွင်း ပုစွန်မွေးမြူရေးကန်များ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၄

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ငါးလုပ်ငန်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်စနာရီခွဲတွင် ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်ရှိ ကျောက်တန်းပုစွန် အထူးဇုန်၊ ယုနဒီ ပုစွန်မွေးမြူရေးကန် ရှင်းလင်းဆောင်သို့ ရောက်ရှိသည်။

ဝန်ကြီးသည် ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး၍ လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး ပုစွန်မွေးမြူရေးကန်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မဟာဗန္ဓုလကုမ္ပဏီလီမိတက် ရေငန်ပုစွန်မွေးမြူရေးကန်သို့လည်းကောင်း၊ ဝင်းနားဘရားသားကုမ္ပဏီလီမိတက် ပုစွန်မွေးမြူရေးကန်သို့လည်းကောင်း၊ ရွှေနဒီကုမ္ပဏီလီမိတက် ပုစွန်မွေးမြူရေးကန်သို့လည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး ပုစွန်သားပေါက်များ ပိုမိုထုတ်လုပ်ဖြန့်ဖြူးသွားရန်နှင့် ပုစွန်မွေးမြူရေးအတွက် စက်သုံးဆီများကို ခြိုးခြံချွေတာသုံးစွဲရန် မှာကြားသည်။ (သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကိုဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

ပေးအပ်လှူဒါန်း

ပြည်မြန်မာ သတင်းဂျာနယ် ရှစ်နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားတွင် အယ်ဒီတာချုပ် ဒေါက်တာတင်ထွန်းဦးနှင့် ဇနီးတို့က သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာ ရွာသစ်ပိုင်းရှိ ပရိယတ္တိရွာသစ်ကလေး ဘုန်းကြီးကျောင်း စာသင်တိုက်တွင် သိမ်ဆောက်လုပ်ရန်အတွက် ငွေကျပ် ၃၈သိန်း ခုနစ်သောင်းကို တာဝန်ရှိသူထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြည်မြန်မာသတင်းဂျာနယ် ရှစ်နှစ်ပြည့်အထိမ်းအမှတ် အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၄

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ထုတ်ဝေ၍ သုတစွယ်စုံစာအုပ်တိုက်မှ ဖြန့်ချိသော ပြည်မြန်မာသတင်းဂျာနယ် ရှစ်နှစ်ပြည့် အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယမန်နေ့ညနေ ၅နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံ၌ ကျင်းပသည်။

ယင်းအခမ်းအနားသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး (အငြိမ်းစား) ဦးစိုးညွန့်(ထီလာစစ်သူ)၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးတင်ခ(တက္ကသိုလ်တင်ခ)၊ ဦးသန်းမောင် (သန်းမောင်)၊ ဦးမြင့်သိန်း(မြင့်သိန်းအောင်)၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော စာပေပညာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်မြန်မာသတင်းဂျာနယ် အယ်ဒီတာချုပ် ဒေါက်တာတင်ထွန်းဦးက အခမ်းအနား ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်မြန်မာသတင်းဂျာနယ် ရှစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာ ရွာသစ်ပိုင်းရှိ ပရိယတ္တိရွာသစ်ကလေးဘုန်းကြီးကျောင်း စာသင်တိုက်တွင် သိမ်ဆောက်လုပ်ရန်အတွက် ငွေကျပ် ၃၈သိန်း ခုနစ်သောင်းကို အယ်ဒီတာချုပ် ဒေါက်တာတင်ထွန်းဦးနှင့် ဇနီးတို့က ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတို့က လက်ခံကြသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန အကြံပေးအရာရှိ ဦးမျိုးသန့်(မောင်ဆုရှင်)နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ)တို့က မှာတာစကား ပြောကြားသည်။

ထို့နောက် ပြည်မြန်မာ သတင်းဂျာနယ် အယ်ဒီတာချုပ် ဒေါက်တာတင်ထွန်းဦးက ဂျာနယ်ဝန်ထမ်းများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ (အငြိမ်းစား) ဦးထင်အောင်က ပြည်မြန်မာသတင်းဂျာနယ် အယ်ဒီတာချုပ် ဒေါက်တာ တင်ထွန်းဦးနှင့် ဇနီး ဒေါက်တာခင်မိုးမိုးတို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံပြီး ကံစမ်းမဲဖောက်၍ အမှတ်တရလက်ဆောင်များ ပေးအပ်သည်။ (သတင်းစဉ်)

ဒုလ္လဘရဟန်းခံ၊ ရှင်ပြုနှင့် သီလရှင်ဝတ်ပွဲ

ရန်ကုန် ဧပြီ ၄

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံ ဆံတော်ရှင်စေတီတော်အရှေ့ဘက်ရှိ သုမင်္ဂလာရာမလယ်တီဝိပဿနာကျောင်းတိုက်ကြီး၏ ပဓာနနာယက ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီးအား ရည်စူး၍ လှူဒါန်းသော ဥပသမ္ပဒမင်္ဂလာ ဒုလ္လဘရဟန်းခံ၊ ပဗ္ဗဇ္ဇမင်္ဂလာသာမဏေရှင်ပြုပွဲနှင့် ဒုလ္လဘသီလရှင်ဝတ်ပွဲကို ဧပြီ ၁၉ ရက်တွင် ကျင်းပမည်ဖြစ်သည်။ သာသနာ့ဘောင်သို့ ဝင်ရောက်လိုသူများသည် သင်္ကြန်အကြိုနေ့ ဧပြီ ၁၄ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းကြရန်နှင့် ရဟန်းဒါယကာ၊ ဒါယိကာမအဖြစ် ခံယူလိုသူများ ဖုန်း-၅၆၀၇၁၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မင်းကွန်းတောင်ရိုး(ရေ၊ မီး၊ ဆွမ်း၊ ဆေး) ဆရာတော်တရားပွဲ

ရန်ကုန် ဧပြီ ၄

မင်းကွန်းတောင်ရိုး(ရေ၊ မီး၊ ဆွမ်း၊ ဆေး) အလှူတော်အဖြစ် ဆရာတော်အရှင်ဓမ္မသာရ(ဒီဃဘာဏက)၏ တရားပွဲစဉ်များကို ဧပြီ ၆ရက်တွင် ကွမ်းခြံကုန်းမြို့ စံပြရပ်ကွက်၊ ဧပြီ ၇ရက်နှင့် ၈ရက်တွင် သာကေတမြို့ (၅)ရပ်ကွက် သာသနာ့ရက္ခိတဓမ္မာရုံကြီး၊ ဧပြီ ၉ရက်တွင် ဒေါပုံမြို့နှင့် ဧပြီ ၁၀ရက်တွင် သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံဘုရားလမ်းတွင်လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ည ၇နာရီတွင် ဟောကြားမည်ဖြစ်သည်။ (က-ပ)

မတ် ၁၇ရက်က ဓမ္မဒူတအရှင်ဆေကိန္ဒဆရာတော်အား အမှူးထား၍ တာမွေမြို့နယ် မလွှကုန်းဌေးကြွယ်(က)ရပ်ကွက် သူဌေးလမ်းမိသားစု၏ ပထမအကြိမ် တရားပွဲဖြစ်မြောက်ရေးမှ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်းပဒေသာပင်အတွက် ငွေကျပ်တစ်သိန်း လှူဒါန်းစဉ်။ (က-ပ)

ပြည်နယ်နှင့်တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲ ရန်ကုန်က ဧရာဝတီကိုနိုင်ပြီး ဗိုလ်လုပွဲတက်

ရန်ကုန် ဧပြီ ၄

၂၀၀၄ ခုနှစ် နဝမအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး(အကြီးတန်း)ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် ဧရာဝတီတိုင်းအသင်းနှင့် ရန်ကုန်တိုင်းအသင်းတို့ ယနေ့ညနေ ၄ နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ရန်ကုန်တိုင်းအသင်း သုံးဂိုး။
(သီတာကြည် နှစ်ဂိုး၊
နီလာကြွယ် တစ်ဂိုး)
ဧရာဝတီတိုင်းအသင်း ဂိုးမရှိ။
အကောင်းဆုံးဆု
ဖြူဖြူသင်း(ဂိုး)(ရန်ကုန်တိုင်း)။
ဒိုင်လူကြီး ဦးလှတင့်။

ပြည်နယ်နှင့်တိုင်း အမျိုးသမီးပြိုင်ပွဲတွင် အစဉ်အလာရှိအသင်းဖြစ်ရုံသာမက လက်ရှိချန်ပီယံအသင်းဖြစ်သော ရန်ကုန်တိုင်းအသင်းသည် ပြိုင်ဘက်ဧရာဝတီကို ပြတ်ပြတ်သားသား အနိုင်ယူကာ ဗိုလ်လုပွဲဆီသို့ တက်လှမ်းသွားပြီဖြစ်သည်။ ဧရာဝတီမှာ အနိုင်ရရှိရေး ကြိုးစားသော်လည်း ဂိုးသွင်းမသေချာခြင်း၊ ရန်ကုန်ဂိုးသမား ဖြူဖြူသင်း အစွမ်းပြ ကာကွယ်သွားခြင်းတို့ကြောင့် နှစ်သိမ့်ဂိုးပင်မရ ဖြစ်သွားသည်။

ပွဲအစ တစ်မိနစ်မှာပင် လက်ရွေးစင်ဟောင်း သီတာကြည်က ရန်ကုန်တိုင်းအတွက် ဖွေဆော်ဦးဂိုး စတင်သွင်းယူသည်။ ဂိုးပေးလိုက်ရသောကြောင့် ဧရာဝတီတိုင်းတိုက်စစ်ကို ဖွင့်ကစားလာသော်လည်း အရှုံးဂိုးကို မချေနိုင်ဖြစ်နေသည်။ ရန်ကုန်တိုင်း၏ အခွင့်အရေးရတိုင်း ထိုးဖောက်တိုက်စစ်ဆင်မှုများကို ဧရာဝတီ ခံစစ်မှူးများနှင့် ဂိုးသမားတို့ မထိန်းနိုင်၍ ဂိုးများ ဆက်ပေးလိုက်ရသည်။

၁၈ မိနစ်တွင် အသင်းခေါင်းဆောင် သီတာကြည် ဂိုးရှေ့ဖြတ်ပို့သော ဘောလုံးကို နီလာကြွယ်က ခေါင်းတိုက်သွင်းယူလိုက်၍ ရန်ကုန် ဒုတိယဂိုးရရှိသည်။ ဆက်တိုက်ဆိုသလိုပင် ရန်ကုန်က ဖိကစားရာ ၂၁ မိနစ်တွင် သီတာကြည်က ဘယ်ထောင့်မှ တိုက်ရိုက်ကန်သွင်းလိုက်၍ ရန်ကုန် တတိယဂိုးရရှိကာ ပထမပိုင်းကတည်းက ရန်ကုန်က သုံးဂိုးပြတ်ဖြင့် ဦးဆောင်နေသည်။

ဒုတိယပိုင်းအစတွင် ရန်ကုန်တို့ တိုက်စစ်ဆင်နိုင်သော်လည်း ၁၀ မိနစ်ကျော် နောက်ပိုင်းတွင် ကစားအားကျသွား၍ ဧရာဝတီတိုက်စစ် ပြန်လည်လှုပ်ရှား အသက်ဝင်လာသည်။ ဧရာဝတီအသင်း အရှုံးဂိုး ချေပနိုင်ရေး ရန်ကုန်ဂိုးပေါက်သို့ ကန်သွင်းကြသော်လည်း ရန်ကုန်ဂိုးသမား ဖြူဖြူသင်း အစွမ်းပြ ကာကွယ်သွား၍ ပွဲအပြီးတွင် ရန်ကုန်က သုံးဂိုးပြတ်ဖြင့် အနိုင်ရသွားခြင်းဖြစ်သည်။

နောက်ဆုံး ဗိုလ်လုပွဲအဖြစ် မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့သည် ဧပြီ ၇ရက်တွင် လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ကွင်း၌ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ (ကြေးမုံ)

အခြေခံပညာအထက်တန်း(ဗဟို)အဆင့် တတိယအကြိမ် သင်္ချာအိုလံပစ်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၄

အခြေခံပညာ အထက်တန်း(ဗဟို) အဆင့် တတိယအကြိမ် သင်္ချာအိုလံပစ်ပြိုင်ပွဲကို ယမန်နေ့နံနက် ၉နာရီတွင် ရန်ကင်းပညာရေးကောလိပ်၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)ညွှန်ကြားရေးမှူးချုပ် ဦးစောလွင်၊ ပညာရေး စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၊ အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ညို၊ သင်္ချာအိုလံပစ် အလုပ်အမှုဆောင် ကော်မတီဥက္ကဋ္ဌ ဦးစိုးညွန့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲသို့ ပြည်နယ်၊ တိုင်းအသီးသီးမှ အခြေခံပညာ ဒသမတန်းကျောင်းသား၊ ကျောင်းသူ ၄၄ဦး ဝင်ရောက်ဖြေဆိုကြသည်။ သင်္ချာပညာ ထူးချွန်ထက်မြက်သော ကျောင်းသား၊ ကျောင်းသူများ ပေါ်ထွန်းလာစေရန်နှင့် အနာဂတ် သင်္ချာပညာရှင်များအဖြစ် ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ သင်္ချာအိုလံပစ်ပြိုင်ပွဲများ ကျင်းပပေးခဲ့ရာ မြို့နယ်အဆင့်ပြိုင်ပွဲကို ၂၀၀၃ ခုနှစ် နိုဝင်ဘာလတွင်လည်းကောင်း၊ ပြည်နယ်၊ တိုင်းအဆင့်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၀ရက်တွင်လည်းကောင်း ပြိုင်ပွဲအဆင့်ဆင့်ကျင်းပခဲ့ပြီး ဗဟိုအဆင့် ပြိုင်ပွဲကို ကျင်းပပေးခြင်းဖြစ်သည်။ (သတင်းစဉ်)

အပူဒဏ်ကာကွယ်ရေးနှိုးဆော်ချက် (၂)

ဆေးရုံသို့ အမြန်ပြသပါ။

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန။

လောင်စာတွေကိုရှင်း၊ မီးဘေးအန္တရာယ်ကင်း

အမှတ်(၁)စက်မှုဝန်ကြီး ဦးအောင်သောင်းနှင့် ဝန်ထမ်းမိသားစုများ စုပေါင်းရဟန်းခံရှင်ပြုနှင့် သီလရှင်ဝတ် အလှူတော်မင်္ဂလာကျင်းပ

ရန်ကုန် ဧပြီ ၄

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဇနီး ဒေါ်ခင်ခင်ရီတို့အား အမှူးထား၍ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစု၏ တတိယအကြိမ် စုပေါင်းရဟန်းခံရှင်ပြုနှင့် သီလရှင်ဝတ် အလှူတော်မင်္ဂလာ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီခွဲတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနရှိ သင်တန်းခန်းမဆောင်၌ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဇနီး ဒေါ်ခင်ခင်ရီ မိသားစု၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ်သိန်းထွန်းနှင့် ဗိုလ်မှူးချုပ်ကျော်ဝင်း၊ ဦးစီးဌာန၊ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ကျောက်ကုန်းကျောင်းကြီးတိုက် ပရိယတ္တိစာသင်တိုက် နာယကဆရာတော် ဓမ္မာစရိယ ဘဒ္ဒန္တဝိသာရဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များထံမှ ပရိတ်တရားတော်များ နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဝန်ကြီး ဦးအောင်သောင်း၊ ဇနီးနှင့် မိသားစု **(ယာပုံ)**၊ ဒုတိယဝန်ကြီးများ၊ ဦးစီးဌာန၊ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် မိသားစုများ၊ ဝန်ထမ်းမိသားစုများက သံဃာတော်အရှင်သူမြတ်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ကျောက်ကုန်းကျောင်းကြီးတိုက် ပရိယတ္တိစာသင်တိုက် နာယက ဆရာတော် ဓမ္မာစရိယ ဘဒ္ဒန္တဝိသာရဒထံမှ သာဓုအနုမောဒနာ တရား နာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှပေးဝေသည်။

ထို့နောက် သံဃာတော်အရှင်သူမြတ်များနှင့် သီလရှင်များအား နေ့ဆွမ်း ဆက်ကပ်သည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစု၏ တတိယအကြိမ် စုပေါင်းရဟန်းခံ ရှင်ပြုနှင့် သီလရှင်ဝတ် အလှူတော်မင်္ဂလာတွင် ရဟန်း ၄၄ ပါး၊ ရှင်သာမဏေလောင်း ကိုးပါး၊ သီလရှင်အပါး ၁၀ တို့အား သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်သည်။ (သတင်းစဉ်)

စုပေါင်း ရဟန်းခံ၊ ရှင်ပြု ကိုးရက် တရားစခန်းနှင့် ထီးတော်တင်အလှူမင်္ဂလာ

ရန်ကုန် ဧပြီ ၄

အဓိဋ္ဌာန်စေတီ တစ်ထောင်ကျော်၊ ပရိတ်ချည်မျှင် ရေဆူဆရာတော် ဘဒ္ဒန္တအာဒိစ္စအား အမှူးထား၍ တပည့်ဒါယကာ၊ ဒါယိကာမများ၏ စုပေါင်းရဟန်းခံ၊ ရှင်ပြုအလှူနှင့် ဆရာတော်အား အကြိမ် (၁၀၂၀)မြောက် သိက္ခာထပ်(ကံဆင့်) အလှူမင်္ဂလာနှင့် သင်္ကြန်တွင်း ကိုးရက်တရားစခန်း ဖွင့်ပွဲတို့ကို ဆရာတော် သီတင်းသုံးရာ ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်၊ ပုလဲ (၃)ရပ်ကွက် မြစပါယ်လမ်း ရန်ပြေအေး ရွှေကျောင်း ဓမ္မရိပ်သာ၌ (၁၃၆၅ ခု၊ တန်ခူးလပြည့်ကျော် ၆ရက်)၊ ဧပြီ ၁၀ရက် နံနက် ၉နာရီတွင် စတင်ကျင်းပပြီး သင်္ကြန်အတက်နေ့ ဧပြီ ၁၆ရက် နံနက် ၉နာရီ ၂၈မိနစ်တွင် အဆိုပါကျောင်း၌ ပရိတ်ချည်မျှင်ဖြင့် ထီးတော်တင်လှူမည်ဖြစ်သည်။

ရဟန်းနှင့် ရှင်ဝတ်လိုသူများ၊ တရားစခန်း ဝင်လိုသူများ အလှူဒါနပြုလိုသူများသည် ဧပြီ ၉ ရက် ညနေနောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

အမေ့ရွာ စာပျိုးခင်း စာပေဆုချီးမြှင့်ပွဲ အခမ်းအနားတွင် "ဖော်မဲ့လျှောက်လှမ်း ခရီးကြမ်း"စာအုပ်ကို ရေးသားသူ ဒေါက်တာခင်ဇော် (စာရေးဆရာနိုင်ဇော်)၏ကိုယ်စား ဇနီးဖြစ်သူ ပါမောက္ခဒေါက်တာ ကေသီထွန်းအား မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်(သန်းမောင်) က ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အမေ့ရွာစာပျိုးခင်းစာပေဆု ချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၄

အမေ့ရွာစာပျိုးခင်း စာပေဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော် ဥတ္တရဆောင်၌ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ အမေ့ရွာစာပျိုးခင်း စာပေဆုရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမေ့ရွာစာပျိုးခင်းအလှူရှင် ဦးခင်မောင်ဝင်း၏ မိသားစုများ၊ အမေ့ရွာစာပျိုးခင်း စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ စာပေအသိုက်အဝန်းမှ စာပေပညာရှင်များ၊ စာပေမြတ်နိုးသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)က ဆောင်ရွက်ပြီး မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌကိုယ်စား အမေ့ရွာစာပျိုးခင်း စာပေဆု ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာကျော်စိန်က အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးမျိုးသန့်(မောင်ဆုရှင်)က အမေ့ရွာစာပျိုးခင်း စာပေဆုဖြစ်ပေါ်လာပုံကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမေ့ရွာစာပျိုးခင်း စာပေဆုများကို ချီးမြှင့်ရာ အမေ့ရွာစာပျိုးခင်းစာပေဆု ရွေးချယ်ရေးအဖွဲ့ဝင် ဦးသော်ကောင်းက ဆုရ "စစ်ညောင်းတာရှည် မြန်မာပြည်" စာအုပ်ကို ရေးသားသူ ဦးစံလွင် (စာရေးဆရာတောင်ခို)အားလည်းကောင်း၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်(သန်းမောင်)က ဆုရ "ဖော်မဲ့လျှောက်လှမ်း ခရီးကြမ်း" စာအုပ်ကို ရေးသားသူ ဒေါက်တာခင်ဇော်(စာရေးဆရာနိုင်ဇော်)ကိုယ်စား ဇနီးဖြစ်သူ ပါမောက္ခ ဒေါက်တာကေသီထွန်းအား လည်းကောင်း၊ အမေ့ရွာစာပျိုးခင်း စာပေဆု ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာကျော်စိန်က ဆုရ "သဘာဝသမားတော်" စာအုပ်ကို ရေးသားသူ ဦးခင်မောင်စိုး (စာရေးဆရာ မောင်သာမည)ကိုယ်စား စာအုပ် ထုတ်ဝေသော ထွန်းဖောင်ဒေးရှင်း ဒါရိုက်တာအဖွဲ့ဝင် ဦးနေဝင်းအား လည်းကောင်း၊ အငြိမ်းစား ပါမောက္ခ ဆရာမကြီး ဒေါ်ပိုက ဆုရ "မြန်မာ့အားကစား ကမ္ဘာလွှမ်းအောင် နိမိတ်ဆောင်သူ ဒေါ်မိမိခင်" စာအုပ်ကို ရေးသားသူ ဦးလှမောင်(စာရေးဆရာ အောင်ချိန်ဘွား)အား လည်းကောင်း ဆုများအသီးသီးချီးမြှင့်သည်။

ယင်းနောက် ဆုရ စာရေးဆရာကြီးများကိုယ်စား ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးစံလွင် (စာရေးဆရာတောင်ခို)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

လက်ဆောင်များချီးမြှင့်

ထို့နောက် အမေ့ရွာ စာပျိုးခင်း စာပေဆု ရွေးချယ်ရေးအဖွဲ့ဝင် စာရေးဆရာကြီးများ ကိုယ်စား ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)အား အမေ့ရွာစာပျိုးခင်း အလှူရှင် ဦးခင်မောင်ဝင်း၏ အစ်မဖြစ်သူ ဒေါ်နွဲ့နွဲ့ဝင်းက ဂုဏ်ပြုလက်ဆောင်များချီးမြှင့်သည်။

ယင်းနောက် ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် ကျိုက်ထော်မြို့သို့ လာရောက်၍ စာပေဟောပြောခဲ့သော အမျိုးသားစာပေဆုရ စာရေးဆရာကြီးများအား ကျိုက်ထော်မြို့ အမေ့ရွာ စာပျိုးခင်း စာကြည့်တိုက်ကော်မတီ နာယက ဦးမြင့်ဦးက ဂုဏ်ပြုလက်ဆောင်များချီးမြှင့်သည်။

ကျေးဇူးတင်စကားပြောကြား

ဆက်လက်၍ အလှူရှင်များက ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် ကျိုက်ထော်မြို့ အမေ့ရွာ စာပျိုးခင်း စာကြည့်တိုက်သို့ စာအုပ်၊ ပရိဘောဂနှင့် အလှူငွေများ ပေးအပ်လှူဒါန်းကြပြီး အမေ့ရွာစာပျိုးခင်း စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဌေးလွင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အခြေခံဝန်ထမ်းလောင်းသင်တန်း အမှတ်စဉ်(၁၆၅)နှင့် အကြိုဝန်ထမ်းလောင်း သင်တန်းအမှတ်စဉ်(၁၅) သင်တန်းဆင်း

ရန်ကုန် ဧပြီ ၄

အခြေခံဝန်ထမ်းလောင်းသင်တန်း အမှတ်စဉ် (၁၆၅) သင်တန်းဆင်း အခမ်းအနားနှင့် အကြိုဝန်ထမ်းလောင်း သင်တန်းအမှတ်စဉ်(၁၅) သင်တန်းဆင်းအခမ်းအနားကို ဧပြီ ၁ ရက် နံနက် ၇နာရီခွဲတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) စစ်ရေးပြကွင်း၌ ကျင်းပရာ သင်တန်းဆင်းတပ်ခွဲက ပါမောက္ခချုပ် ဗိုလ်မှူးကြီးဝင်းမောင်အား ချီတက်အလေးပြုကြသည်။

ဆုများချီးမြှင့်

ထို့နောက် ပါမောက္ခချုပ်က အခြေခံဝန်ထမ်းလောင်းသင်တန်း အမှတ်စဉ် (၁၆၅)မှ သင်တန်းသူ စံပြဆုကို သင်တန်းသူ အမှတ် (၅၃) ဒေါ်ယဉ်နွယ်ဦး လ/ထဆရာဝန် ကျန်းမာရေး ဦးစီးဌာန ကျန်းမာရေး ဝန်ကြီးဌာန အား လည်းကောင်း၊ သင်တန်းသား စံပြဆုကို သင်တန်းသား အမှတ်(၉၂) ဦးစိန်ဝင်း လ/ထဆရာဝန် ကျန်းမာရေး ဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန အားလည်းကောင်း၊ အကြိုဝန်ထမ်းလောင်း သင်တန်းအမှတ်စဉ် (၁၅)မှ သင်တန်းသူစံပြဆုကို သင်တန်းသူ အမှတ်(၁၀) ဒေါ်ရှင်စောသူ ဦးစီးအရာရှိ ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအား လည်းကောင်း၊ သင်တန်းသား စံပြဆုကို သင်တန်းသား အမှတ် (၁၃၅) ဦးနေလင်းအောင် လ/ထ ဘူမိဗေဒအရာရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း စွမ်းအင်ဝန်ကြီးဌာနအားလည်းကောင်း ဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အုန်းတောခန်းမ၌ သင်တန်းဆင်းအောင် လက်မှတ်များ ချီးမြှင့်ခြင်း အခမ်းအနားကျင်းပရာ ပါမောက္ခချုပ် ဗိုလ်မှူးကြီးဝင်းမောင် က သင်တန်းဆင်းမိန့်ခွန်း ပြောကြားပြီး အခြေခံဝန်ထမ်းလောင်း သင်တန်း အမှတ်စဉ် (၁၆၅)နှင့် အကြိုဝန်ထမ်းလောင်း သင်တန်းအမှတ်စဉ် (၁၅) တို့မှ စာပေဆုရ သင်တန်းသူ ပထမဆု၊ ဒုတိယဆု၊ သင်တန်းသား ပထမဆု၊ ဒုတိယဆုများကို ချီးမြှင့်၍ သင်တန်းသား၊ သင်တန်းသူများ၏ သင်တန်းဆင်း အောင်လက်မှတ်များကို ချီးမြှင့်သည်။

တက်ရောက်

အဆိုပါ သင်တန်းဆင်းအခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ ကထိကများ၊ သင်တန်းမှူးများ၊လက်ထောက်ကထိကများ၊ ဌာနစုမှူးများ၊ သင်တန်းနည်းပြဆရာများနှင့်သင်တန်းသား၊သင်တန်းသူများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ကျေးရွာပြည်သူလူထုအား အခမဲ့ ဆေးဝါးကုသ

ရန်ကုန် ဧပြီ ၄

လှိုင်လင်မြို့ ခုတင် ၂၀၀ ဆံ့ အထွေထွေ ရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးမျိုးသန်း ဦးဆောင်၍ မီးယပ်သားဖွားအထူးကု ဆရာဝန် ဒေါက်တာချိုမာကျော်၊ အရိုးအထူးကုဆရာဝန် ဒေါက်တာခင်သိန်း၊ သွားနှင့်ခံတွင်း အထူးကု ဆရာဝန် ဒေါက်တာခင်ဇော်၊ သမားတော် ဒေါက်တာအေးအေးမူ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကု ဆရာဝန် ဒေါက်တာ သီဟမောင်၊ မေ့ဆေးဆရာဝန် ဒေါက်တာအောင်ကျော်ဦးနှင့် မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာဇော်လင်းတို့သည် မတ် ၁၉ ရက်က မီးရထားလမ်းဖွင့်ပွဲ အခမ်းအနားကျင်းပရာ နမ့်ဆန်မြို့နယ် မိုင်းဆိတ်ကျေးရွာသို့ သွားရောက်ပြီး ကျေးရွာပြည်သူလူထု ၁၀၀ တို့အား အခမဲ့ကျန်းမာရေး စစ်ဆေးပေး၍ ဆေးဝါးကုသပေးခဲ့သည်။ (က-ပ)

ဧပြီ ၄ ရက်က ပု ဇွန် တောင် မြန်မာ့ ကုန်သွယ်မှု ဗဟိုဌာနတွင် ခင်းကျင်း ပြသလျက် ရှိ သော မြန်မာ ကုန်စည်ပြပွဲ ၂၀၀၄ တွင် Myanmar On-line (MODINS) Solutions ၏ ပြခန်းအား တွေ့ရစဉ်။ (က-ပ)

(၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေအနုပညာပြပွဲ နောက်ဆုံးပြသ

ရန်ကုန် ဧပြီ ၄

(၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေအနုပညာပြိုင်ပွဲ ပြပွဲကျင်းပရေးကော်မတီက (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေအနုပညာပြပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ယနေ့နောက်ဆုံးနေ့အဖြစ် ဆက်လက်ပြသရာ အဆိုပါပြပွဲသို့ ရဟန်းရှင်လူ ပြည်သူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၅၀၀ကျော် စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုလေ့လာကြသည်။

ပေးအပ်ချီးမြှင့်

ပြပွဲ၌ ကျင်းပလျက်ရှိသော စာပေအနုပညာပြပွဲဆိုင်ရာ ဉာဏ်စမ်းမေးခွန်း ဖြေဆိုပွဲကိုလည်း နေ့စဉ် ကျင်းပပေးပြီး ဆုရရှိသူများအား ပြိုင်ပွဲပြီးလျှင်ပြီးချင်း ဆုငွေများကို ပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

တပ်မတော်နေ့ပြပွဲ နောက်ဆုံးနေ့အဖြစ်ပြသ

ရန်ကုန် ဧပြီ ၄

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲကို ယနေ့ နံနက် ၉နာရီမှ ညနေ ၆နာရီအထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ နောက်ဆုံးနေ့အဖြစ် ဖွင့်လှစ်ပြသသည်။

ယင်းပြပွဲတွင် တပ်မတော်စစ်သမိုင်းပြတိုက်နှင့် တပ်မတော်ခန်းမရှိ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်း၌ ဗဟုသုတ ဉာဏ်စမ်းမေးခွန်းလွှာ ဖြေဆိုမှုပြိုင်ပွဲကို နေ့စဉ် မွန်းတည့်၁၂နာရီတွင်ကျင်းပရာ စိတ်ပါဝင်စားသူများ ဝင်ရောက်ဖြေဆိုကြပြီး ဆုရရှိသူများအားနေ့စဉ်ဆုများ ပေးအပ်ချီးမြှင့်သည်။

ယနေ့ပြပွဲသို့ ရဟန်းရှင်လူ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၇၇၉ဦး လာရောက်ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

မြန်မာ့ဘော်လီဘောအားကစား တိုးတက်ရေးအတွက် ဦးဆောင်ဦးရွက်ပြုခဲ့ကြသောပုဂ္ဂိုလ်ကြီးများအား ပူဇော်ကန်တော့

ရန်ကုန် ဧပြီ ၄

မြန်မာ့ဘော်လီဘော အားကစား တိုးတက်ရေးအတွက် ဦးဆောင်ဦးရွက် ပြုခဲ့ကြသော သက်ကြီးဝါကြီး ပုဂ္ဂိုလ်ကြီးများအား ပူဇော်ကန်တော့ပွဲအခမ်းအနားကို ယမန်နေ့ နံနက်၉နာရီခွဲတွင် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ အားကစားနှင့် ကာယပညာသိပ္ပံသင်တန်းကျောင်း သင်တန်းခန်းမ၌ ကျင်းပရာ ကန်တော့ခံ မြန်မာ့ဘော်လီဘောအားကစား တိုးတက်ရေးအတွက် ဦးဆောင်ဦးရွက် ပြုခဲ့ကြသော သက်ကြီးဝါကြီး ပုဂ္ဂိုလ်ကြီးများ၊ ဘော်လီဘောမိသားစု၊ လူမှုရေးအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် အတွင်းရေးမှူးများနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် အမှုဆောင်ဟောင်းများ၊ နည်းပြနှင့် လက်ရွေးစင်ဟောင်းများ၊ မျိုးဆက်သစ် အားကစားသမားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ဘော်လီဘောမိသားစု လူမှုရေးအသင်းဥက္ကဋ္ဌ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် အတွင်းရေးမှူးဟောင်း ဦးမြင့်သိန်းက ပူဇော်ကန်တော့ပွဲ အခမ်းအနားဖြစ်ပေါ်လာရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာ့ဘော်လီဘောအားကစားတိုးတက်ရေးအတွက် ဦးဆောင်ဦးရွက်ပြုခဲ့ကြသော သက်ကြီးဝါကြီး ပုဂ္ဂိုလ်ကြီးများအား ဘော်လီဘောမိသားစု၊လူမှုရေးအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ နည်းပြနှင့် လက်ရွေးစင်ဟောင်း ဘော်လီဘော အားကစားသမားဟောင်းများနှင့် တက်ရောက်လာကြသူများက ကန်တော့ခံပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။

ယင်းနောက် ကန်တော့ခံပုဂ္ဂိုလ်ကြီးများကိုယ်စား အားကစားကလောင်ရှင် မြန်မာနိုင်ငံ ဘော်လီဘော အဖွဲ့ချုပ် အတွင်းရေးမှူးဟောင်း၊ မြန်မာ့လက်ရွေးစင်ဘော်လီဘောနည်းပြဆရာဟောင်း ကျောက်ဘီလူး ဦးတင်မောင်ဆွေက သြဝါဒစကား ပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။(သတင်းစဉ်)

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှု များပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသောနေရာများတွင် နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့် ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန။

အရက်ကြောင့်ဖြစ်သည့်ရောဂါများ

အရက်ကို လွန်ကျူးစွာနှင့် စွဲလန်းစွာ သောက်သုံးခြင်းကြောင့်ဖြစ်ပွားတတ်သော ရောဂါများမှာ–

- အသည်းရောင်ခြင်း၊
- အသည်းခြောက်ခြင်း၊
- သွေးအန်ခြင်း၊
- အစာအိမ်ရောဂါဖြစ်ခြင်း၊
- နှလုံးရောဂါဖြစ်နိုင်ခြင်း၊
- ဦးနှောက်နှင့်အာရုံကြောထိခိုက်ခြင်း၊
- စိတ်ရောဂါများဖြစ်ခြင်းစသည်တို့ဖြစ်ပါသည်။

အရက်ကြောင့်ဖြစ်တတ်သော စိတ်ရောဂါများမှာ–

၁။ ကယောင်ကတမ်းဖြစ်ခြင်း (Delirium Tremers)၊ ကြောက်လန့်ခြင်း၊ အချိန်၊ နာရီ၊ နေရာ၊ လူ ခန့်မှန်းနိုင်စွမ်းမရှိခြင်း၊ ကြောက်စရာ လန့်စရာများမြင်ရခြင်း၊ အသံဗလံများကြားရခြင်း၊ ပိုးမွှားများ ခန္ဓာကိုယ်ပေါ် ရွစိရွစိသွားသလို ခံစားရခြင်း၊ လက်တုန်ရောဂါဖြစ်တတ်ခြင်း။
၂။ အရက် အလွန်အကျွံသောက်သည့်အခါတွင် လူမရှိဘဲ နားထဲတွင် ခေါ်သံများ၊ ခြိမ်းခြောက်သံများ၊ ဓော်ကားမော်ကားသံများ ကြားနေရတတ်ခြင်း (Alcoholic Hallucinosis)။
၃။ အတက်ကြီးရောဂါဖြစ်ခြင်း (Rum Fits) (ဝက်ရူးပြန်ရောဂါကဲ့သို့တက်ခြင်း)။
၄။ စိတ်ဓာတ်ကျရောဂါဖြစ်တတ်ခြင်း (Depressive Illness)။
၅။ စိတ်ဖောက်ပြန်ခြင်း (Alcoholic Psychosis)။
၆။ ဦးနှောက်ချို့ယွင်းခြင်း။
၇။ အရက်နှင့်မတည့်သောသူများသည် အရက်အနည်းငယ်သောက်ရုံဖြင့် ရုတ်တရက် စိတ်ဖောက်ပြန်တတ်ခြင်း (Pathological Drunkenness)။
၈။ မိမိ၏ဇနီးကို အထင်အမြင်လွဲမှားခြင်းများ ဖြစ်တတ်ခြင်း (Morbid Jealousy)။
၉။ အရက်ကြောင့် ရာဇဝတ်မှုကျူးလွန်သည်အထိ ဖြစ်နိုင်ခြင်း။

အထက်ပါဆိုးကျိုးများကို မခံစားရစေရန် အရက်သောက်သုံးခြင်း၊ အထူးသဖြင့် အလွန်အကျွံ သောက်သုံးခြင်း၊ အရက်ကို စွဲလန်းစွာ သောက်သုံးခြင်းတို့မှ ရှောင်ကြဉ်ရန် တိုက်တွန်းအပ်ပါသည်။ အရက်စွဲရောဂါဖြစ်ပွားပါက စိတ်ကျန်းမာရေးဆေးရုံနှင့် ကုသရေးဌာနများတွင် စနစ်တကျ ကုသမှုခံယူရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဘိန်းဖြူဖမ်းဆီးရမိ

ရန်ကုန် ဧပြီ ၄

နယ်မြေခံထောက်လှမ်းရေး တပ်ဖွဲ့ဝင်များနှင့် မူဆယ်မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဖေဖော်ဝါရီ ၂၅ရက် နံနက်၈နာရီခွဲတွင် နမ့်ခမ်းမြို့နယ် နောင်စံအုပ်စု ဟိုနားကျေးရွာနေ လုဖုန်ချန်(ခ)ကျော်ထွန်း၏နေအိမ်ကို စစ်ဆေးရှာဖွေရာ ခရီးဆောင်အိတ်အတွင်းမှ ဘိန်းဖြူဘလောက်တုံး ၃၀ စုစုပေါင်း အလေးချိန် ၁၀ဒသမ ၅ကီလို ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ နမ့်ခမ်းမြို့နယ် နောင်စံကျေးရွာအုပ်စု ဟိုနားရွာနေ ဦးလူရင်ရှင်၏သား လုဖုန်ချန်နှင့် ကွင်းဆက်တရားခံ နမ့်ခမ်းမြို့နယ်မန်နားကွက်သစ်နေဦးချောက်ယု၏သမီး မကျူးမေတို့နှစ်ဦးအား နမ့်ခမ်းရဲစခန်းမှမူးယစ်ဆေးဝါးပထမသတင်းပေးတိုင်ချက်အမှတ်၁၁/၂၀၀၄၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁ အရ အမှုဖွင့် အရေးယူထားသည်။

(သတင်းစဉ်)

တရားခံ လုဖုန်ချန်နှင့် မကျူးမေတို့ နှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။
(သတင်းစဉ်)

ဖေဖော်ဝါရီလအတွင်းမူးယစ်ဆေးဝါး အမှုပေါင်း ၂၄၆ မှု ဖမ်းဆီးရမိ

ရန်ကုန် ဧပြီ ၄

၂၀၀၄ခုနှစ် ဖေဖော်ဝါရီလအတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့က မူးယစ်ဆေးဝါးအမှုပေါင်း ၂၄၆ မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၅၀မှု အလေးချိန် ၅၅ဒသမ ၅၈၃၂ကီလို၊ ဘိန်းဖြူ ၇၅မှု အလေးချိန် ၃၇ဒသမ ၆၆၁၉ကီလို၊ ဘိန်းဆီ နှစ်မှု အလေးချိန် ဒသမ၀၉၆၂ကီလို၊ အဆင့်နိမ့်ဘိန်း ၁၀မှု အလေးချိန် ၂ဒသမ ၃၃၂၄ကီလို၊ ဆေးခြောက် ၂၅မှု အလေးချိန် ၄၆ဒသမ ၉၇၀၇ကီလို၊ ဖင်ဆီဒိုင်းငါးမှု ပမာဏ ၈ဒသမ ၃လစ်တာ၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၂မှု ၃၉၆၂၀ ပြား၊ စိတ်ကြွရူးသွပ်ဆေးမှုန့် တစ်မှု အလေးချိန် ဒသမ ၀၁၅ကီလို၊ ချောင်းဆိုးပျောက်ဆေးရည် တစ်မှု ပမာဏ ဒသမ ၆၂လစ်တာ၊ မှတ်ပုံတင်ပျက် ၂၂မှုနှင့် အခြားအမှု ၂၃ မှု ဖမ်းဆီးရမိခဲ့သည်။

၂၀၀၄ခုနှစ် ဖေဖော်ဝါရီလအတွင်း အမှုပေါင်း ၂၄၆ မှု ဖမ်းဆီးခဲ့ရာတွင် တရားခံကျား၂၆၅ဦး၊မ ၅၇ဦးစုစုပေါင်း တရားခံ ၃၂၂ ဦးတို့အား ဥပဒေအရ အရေးယူခဲ့သည်။ (သတင်းစဉ်)

မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှု ပြစ်ဒဏ်ချမှတ်

ရန်ကုန် ဧပြီ ၄

ရန်ကုန်မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ကမာရွတ်ရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ ခုနှစ် စက်တင်ဘာ ၂၅ရက်တွင် သတင်းအရ ကမာရွတ်မြို့နယ် (၅)ရပ်ကွက် စံပယ်မာဃလမ်း တိုက်(၂၂၇) အခန်း(၃၀၁)နေ မစိုးစိုးမြင့်၏ နေအိမ်ကို စစ်ဆေးရှာဖွေရာ သန်းစိုးအား တွေ့ရှိရပြီး နေအိမ်အတွင်းမှ ဘိန်းကင်ခြောက် ၃၉ ဒသမ ၈ ဂရမ် ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ ကမာရွတ်မြို့နယ် (၅)ရပ်ကွက် စံပယ်မာဃလမ်း တိုက်(၂၂၇) အခန်း(၃၀၁)နေ ဦးစိန်ဟန်၏သမီး မစိုးစိုးမြင့်နှင့် ကလောမြို့ (၃)ရပ်ကွက် မြို့ပတ်လမ်း အမှတ်(၃၀၁)နေ ဦးစံအေး၏သား သန်းစိုးတို့နှစ်ဦးအား ကမာရွတ်ရဲစခန်းမှ မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက် အမှတ် ၆/၂၀၀၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၆(ဂ)/၂၀(က)အရ အမှုဖွင့်အရေးယူခဲ့သည်။

အမှုကို ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးက တရားခံ မစိုးစိုးမြင့်နှင့် သန်းစိုးတို့နှစ်ဦးအား မူးယစ်ဆေးဝါးရောင်းချမှုပုဒ်မ ၂၀(က)အရ အလုပ်နှင့် ထောင်ဒဏ် ၂၅နှစ် ကျခံစေရန် ပြစ်ဒဏ်အသီးသီး ချမှတ်ခဲ့သည်။ (သတင်းစဉ်)

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်
ဗိုလ်မှူးကြီးစိုးဝင်းမြင့်–ဒေါ်မြမြဝင်း
တို့၏သားဦး
ဗိုလ်ဉာဏ်လင်းစိုး B.Sc (D.S.A)
တပ်မတော်(ရေ)
နှင့်
ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ရေးချုပ်ရုံး
ဒုတိယစစ်ရေးချုပ် ဗိုလ်မှူးကြီးခင်စိုး–ဒေါ်နန်းသိမ်းဖြူ
တို့၏သမီးဦး
မငုဝါစိုး B.A (Eco.)
(ဂန္ထဝင်နှင်းဆီစတိုး)

တို့၏ ၃–၄–၂၀၀၄ ရက် (စနေနေ့)တွင် ရန်ကုန်မြို့ Sedona Hotel (Grand Ballroom) ခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ခဲ့သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ ကြွရောက်ချီးမြှင့်ပေးကြသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၏ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၏ ဇနီး ဒေါ်ခင်လေးမြင့်၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၏ဇနီး ဒေါ်ခင်စောနှင်း၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်ဇနီး ဒေါ်ခင်စန်းရီတို့အားလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၏ဇနီး ဒေါ်အေးအေး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်နှင့်ဇနီး ဒေါ်ခင်လှလှ၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့်ဇနီး ဒေါ်စန်းစန်း၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဋ္ဌေးဦးနှင့်ဇနီး ဒေါ်နီနီဝင်းနှင့် စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအရာရှိကြီးများ၊ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ခဲ့ကြသော ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂၈–၃–၂၀၀၄ရက် နံနက်ပိုင်း Traders Hotel ကုန်းဘောင် တကောင်းခန်းမတွင် ပြုလုပ်သည့် မင်္ဂလာလက်ထပ်ပွဲ အခမ်းအနား၌ မော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ် တရားသူကြီး ဦးချစ်လွင်နှင့် ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ ယင်းနေ့ မွန်းလွဲပိုင်းတွင် နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၌ ပြုလုပ်သည့် မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ဉာဏ်လင်းစိုး–မငုဝါစိုး။

ထီနန်းမြေ

Lap Top

ချောင်းသာ/သီးသန့်
(အဆင့်မြင့်ကား/ဝန်ဆောင်မှု)
(၂)ညအိပ်(၃)ရက်
ဧပြီ (၉) ထွက်မည်
လိုင်းလိုင်းဟိုတယ်
Golden Hope - ၇၀၃၂၂၀ ၂၀၂၇၃၃

Golden Hope Int'l Ltd.

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ကျွန်တော် **မောင်စိန်သန်းဝေ** နှင့် ကျွန်မ **မရည်လဲ့မွန်**တို့၏ ၄–၄–၂၀၀၄ ရက် Sedona Hotel ၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲနှင့် မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်သည့် ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ညှော်ခံပွဲ ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော နှစ်ဖက်သော ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးအား လည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

မောင်စိန်သန်းဝေ နှင့် မရည်လဲ့မွန်။

မင်္ဂလာဦး ဆုတောင်းလွှာ

မောင်စိန်သန်းဝေ နှင့် **မရည်လဲ့မွန်** တို့၏ ၄–၄–၂၀၀၄ ရက် Sedona Hotel ၌ ကျင်းပသော မင်္ဂလာရက်မြတ်မှ နောင်နှစ်ပေါင်းများစွာတိုင်အောင် အတူတကွ ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အန်တီဖြူ | **ကြီးဋ္ဌေး၊ ကြီးအေး**
ဦးဆန်းယီ–အန်တီမူ | **ဦးစံထွေး–အန်တီမော်**
ဦးမိုး–အန်တီမီး | **ဦးကျော်ကျော်လင်း–အန်တီတူး**
ကိုကြီးသော်– မသီတာ | **အန်တီထွေး – ညီညီ**
ကိုမြတ်ကျော်–မစန္ဒာ
ကိုအောင်မြတ်စိုး–မရွှေချောင်းနှင့် ညီအစ်ကိုမောင်နှမများ

မြန်မာကုန်စည်ပြပွဲ–၂၀၀၄ တတိယနေ့ပြသ

ရန်ကုန် ဧပြီ ၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြန်မာကုန်စည်ပြပွဲ–၂၀၀၄ကို ယနေ့နံနက် ၉နာရီမှ ညနေ ၆နာရီအထိ တတိယမြောက်နေ့ အဖြစ် Quartz International Co, Ltd. က စီစဉ် ခင်းကျင်းပြသလျက်ရှိရာ လုပ်ငန်းရှင်များ၊ ပြည်သူများ လာရောက်ကြည့်ရှုလေ့လာ ဝယ်ယူကြသူများဖြင့် စည်ကားလျက်ရှိသည်။

ဖွင့်လှစ်ပြသ

ပြပွဲတွင် Seven Bees Trading Enterprise ၏ မီးရှဲလ်ရှန်ပူများနှင့် ပက်တီအသားဖြူ ကရင်(မ်)ပြခန်း၊ Winner Plastic Manufacturing Co, Ltd. ၏ နေအိမ်နှင့် လုပ်ငန်းသုံး ပလတ်စတစ်ပစ္စည်းများပြခန်း၊ Myanmar Online (MODINS) Web Solutions ၏ သတင်းအချက်အလက်များကို ဝက်ဘ်ဆိုက်များ စီစဉ်ရေးသားခြင်း၊ ခေတ်မီဝန်ထမ်းကတ် ပြုလုပ်ခြင်း၊ Tradefair Modins net လိပ်စာဖြင့် မြန်မာကုန်စည်ပြပွဲ–၂၀၀၄ကို အင်တာနက်တွင် လွှင့်တင်ပေးထားခြင်း၊ ဝန်ဆောင်မှုလုပ်ငန်း ပြခန်းတို့ကို Star Entertainment Co,Ltd. ၏ ကုန်ပစ္စည်း ကြော်ငြာသရုပ်ပြပွဲ၊ တက်သစ်စ အနုပညာရှင်အဖွဲ့ ဖျော်ဖြေရေး အစီအစဉ်များဖြင့် ပူးတွဲကာ ပြပွဲကို ဧပြီ၅ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၆နာရီအတွင်း ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။

(သတင်းစဉ်)

MCC
ကွန်ပျူတာ အခြေခံသင်တန်း
Software Engineering, Network Engineering, Web Developer Courses
MCSA Exam:
အင်တာနက်နှင့် အီးမေးလ်သင်တန်း
mail4u e-mail Account

Home Distribution Group
Ready Made Floor
Decorative Wall Covering
(Wall paper)
(Office & Show Room)

Victoria Fancy Shop
"ONE STOP SERVICE"
ဗစ်တိုးရီးယား ကုန်တိုက် ၏ နှစ်သစ်ကူး ဈေးရောင်းပွဲတော်
အမှတ် (၂၇)၊ ဘုရင့်နောင်လမ်းမကြီး၊ ရွှေပုန်းညက်ရိပ်မွန်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ Ph : 515136, 505614



Thingyan. Water Festival @ Myanmar New Year
Come and enjoy our Water Festival
Thingyan Holiday Packages available right now!
(Inbound Program Only)

*** Chiang Mai/Bangkok/Singapore-Yangon-Mandalay-Yangon-Singapore/Bangkok/Chiang Mai**

- 6 Days/ 5 Nights {13th to 18th April '04}
- 5 Days / 4 Nights {11th to 15th April '04}
- 3 Days / 2 Nights {13th to 15th April '04}

*** Chiang Mai-Mandalay-Yangon-Chiang Mai**

- 4 Days/ 3 Nights {15th to 18th {April '04}

*** For further information, please kindly contact:**

Myanmar Travels & Tours (M.T.T)
Tel: 95-1-252859, 378376, 371910, 374281
Fax: 95-1-254417
Email:mtt.mht@mptmail.net.mm
Website: www.myanmars.net/mtt

Union of Myanmar Travel Association
Tel: 95-1-559672, 559673
Fax: 95-1-545707
Email: umta@mptmail.net.mm
Website: www.umtanet .com

Myanmar Hoteliers' Association
Tel: 95-1-245323, 241905, 254812
Fax: 95-1-252806
Email: aone@mptmail.net.mm
Website:www.myanmarhoteliers'.com

Golden Hope Int'l Ltd
☎ 202377, 703220

TOP ☎ 243363 705877

Brother Service Pte.,Ltd.
ရေခဲသေတ္တာ၊ လေအေးစက်
ပြုပြင်ရောင်းဝယ်ရေး
အမှတ်(၆၄)၊ ဘုန်းကြီးလမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
☎: 212185, 225979

ရွှေလီ အသားကင်ဆိုင်

ရွှေလီအသားကင်ဆိုင် (I)ကို မူလနေရာတွင် ဆက်လက်ဖွင့်လှစ်ထားပြီး မူလ လက်ရာအရသာ မပြောင်းလဲဘဲ ရွှေလီ(I)နည်းတူ ရွှေလီအသားကင်ဆိုင် (II)အား အမှတ်(၁)၊ ကမ္ဘာအေးဘုရားလမ်းနှင့် သုခဝတီလမ်းထိပ်၊ မြကျွန်းသာပန်းခြံရှေ့တွင် တိုးချဲ့ဖွင့်လှစ်လိုက်ပါပြီး

(ကားရပ်နားရန် အထူးကျယ်ဝန်းပြီး လုံခြုံမှုရှိပါသည်။)

(သင်္ကြန်တွင်း ပိတ်ရက်မရှိ ဖွင့်လှစ်ထားမည်)

ဓနု စီးပွားရေးမဂ္ဂဇင်း

အတွဲ (၁၃)
အမှတ် (၅)
ဧပြီလ
၂၀၀၄

ထွက်ပြီ

OD Tour

(၁) ပုဂံ(ရွှေစည်းခုံ)ပုပ္ပား April 12, 23, 30
(၂) ကျောင်းကြီးရေနွေး April 23, 30
(၃) ပုဂံရွှေဇာက်တော် April 12,
(၄) မန္တလေးမုံရွာ ... April 23, 30
(၅) ပုဂံမန္တလေး April 12, 23, 30
(၆) မန္တလေးမင်းကွန်း ... April 12, 23, 30
(၇) ပေါ်လမြိုင် April 11,

OD Style

No.52 ...

AMIGO TRAVEL SERVICE

(၁) ... HOTEL **
(၂) ... HOTEL MAX

ဆေးမတွေ့နိုင်သော
နာတာရှည်ရောဂါသည်များအတွက်
ဆရာကြီးဦးမိန်မူ
နာတာရှည်အထူးကု

ပေါ်လီသင်္ကြန်

ကမ်းခြေသင်္ကြန်
၁၀-၄-၂၀၀၄ ညထွက်မည်။

" မြင့်မားရှိသေနဲ့ ... "

၁။ အရောင်းမန်နေဂျာ (Sales Manager) ကျား (၂) ဦး
- ... Sales & Marketing ... Certificate / Diploma ...

၂။ စီမံထုပ်ချုပ်မှုမန်နေဂျာ (Administration Manager) ကျား (၂) ဦး
- ... Diploma / ...

၃။ အတွင်းရေးမှူး (Secretary) (၂) ဦး
